# ပြောင်းလဲနေသော မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားမှု

## များပြားလာသောဖိအားများအကြားတွင်လှုပ်ရှားမှု၏ လိုက်လျောညီထွေပြောင်းလဲမှုနှင့် ခံနိုင်ရည်ရှိမှုအပေါ် လေ့လာခြင်း

ဇွန်လ၊ ၂၀၂၂ ခုနှစ်

အမှီအခိုကင်းသော
သုတေသန
ကွန်ရက်

ဤစာမျက်နှာအား သီးသန့် ချန်လှပ်ထားခြင်း ဖြစ်ပါသည်။

# မာတိကာ


အစီရင်ခံစာ အကျဉ်းချုပ်.......... ၁

နိဒါန်း.......... ၃

အကြောင်းအရင်း.......... ၅

သုတေသနနည်းနာ.......... ၆

အပိုင်း (၁) ဒီမိုကရေစီအရေးလှုပ်ရှားမှု - အဖွဲ့အစည်းများနှင့်ကွန်ရက်များ.......... ၇

တကွဲတပြားဖြစ်စေသည့် အကြောင်းတရားများ.......... ၁၁

ပူးပေါင်းဆောင်ရွက်မှုနှင့် စည်းလုံးမှုနှစ်ခုအကြား.......... ၁၂

အပိုင်း (၂) နစက မှဆောင်ရွက်သည့် ကန့်သတ်မှုများ - တိုက်ရိုက် နှင့် သွယ်ဝိုက်.......... ၁၄

လှုပ်ရှားမှုကိုပစ်မှတ်ထားသော ကန့်သတ်မှုများ.......... ၁၅

စောင့်ကြည့်မှုနှင့် သွားလာမှုအားကန့်သတ်မှုများ.......... ၁၅

ဘဏ္ဍာရေးစနစ်အား လက်လှမ်းမီမှု အကန့်အသတ်ရှိခြင်း.......... ၁၆

ကုန်စည်ပစ္စည်းစီးဆင်းမှုအား ကန့်သတ်ခြင်း.......... ၁၇

သတင်းအချက်အလက်စီးဆင်းမှုနှင့် ဆက်သွယ်ရေးအားကန့်သတ်ခြင်း.......... ၁၈

လှုပ်ရှားမှုအပေါ်သက်ရောက်သော သွယ်ဝိုက်ကန့်သတ်မှုများ.......... ၁၉

လူမှုကယ်ဆယ်ရေးလိုအပ်ချက် မြင့်တက်လာခြင်းနှင့် ယင်းအားတုံ့ပြန်နိုင်ရန် အခက်အခဲများ.......... ၁၉

ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်ခြင်း အားနည်းလာမှု.......... ၂၀

အပိုင်း (၃) ဘဏ္ဍာရေးနှင့်စီးပွားရေးဆိုင်ရာ အကန့်အသတ်များ - လှုပ်ရှားမှု၏ လိုက်လျောညီထွေ ပြောင်းလဲမှုနှင့် ခံနိုင်ရည်ရှိမှုအပိုင်းတွင် ပေါ်ပေါက်လာသောပုံစံများ.......... ၂၂

တဆစ်ချိုးအကွေ့? PDF များထံ ဘဏ္ဍာရေးထောက်ပံ့လာမှု.......... ၂၃

ဘဏ္ဍာငွေရှာဖွေရေးနှင့် တရားဝင်ဖြစ်မှု.......... ၂၄

နစကနှင့် တော်လှန်ရေးအကြား လှုပ်ရှားဆောင်ရွက်မှု.......... ၂၅

စျေးကွက်အား ပြောင်းလဲခြင်း.......... ၂၆

လိုအပ်ချက်ဘောင် ကျယ်ပြန့်လာမှု.......... ၂၇

အပိုင်း (၄) အကြံပြုတင်ပြချက်များ.......... ၂၈

# အစီရင်ခံစာ အကျဉ်းချုပ်

၁။ မြန်မာဒီမိုကရေစီရေးလှုပ်ရှားမှုသည် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာအထိ တရားဝင်မှုရှိနေသော အဖွဲ့အစည်းများမှအစ ရပ်ရွာအဆင့်တွင် နိုင်ငံတော်အစိုးရကို အစားထိုးဝင်ရောက်ပြီး ဝန်ဆောင်မှုများ ပေးနေသော ကွန်ရက်များအဆုံး ဘက်ပေါင်းစုံမှဆောင်ရွက်နေသည့် လှုပ်ရှားမှုဖြစ်ပါသည်။ ဤအဖွဲ့အစည်းများတွင် ငွေကြေးထောက်ပံ့မှုပုံစံအမျိုးမျိုး၊ ခုခံမှုနည်းလမ်းအမျိုးမျိုးနှင့် အနာဂတ်အတွက် မတူညီသောအမြင်များ ရှိကြပါသည်။ လှုပ်ရှားမှုအတွင်း ဤကဲ့သို့စုံလင်ကွဲပြားမှုသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ (၁) ရက်က စစ်တပ်မှအာဏာလုယူပြီးနောက် ပေါ်ပေါက်လာသော မြန်မာ့ခုခံတော်လှန်ရေး အတွက် အားသာချက်သာမက အားနည်းချက်အနေအဖြင့်ပါ သက်သေပြလျက်ရှိနေပါသည်။

၂။ အာဏာလုယူပြီးနောက်တွင် မြန်မာစစ်တပ်အား ခုခံဆန့်ကျင်မှုသည် ပုံစံအမျိုးမျိုးဖြင့်ရှိလာသော်လည်း ယင်းအဖွဲ့အစည်းများသည် စစ်တပ်အား အာဏာမှဖယ်ရှားရန် ဘုံရည်မှန်းချက်ဖြင့် ပေါင်းစည်းညီညွတ်ဖို့ရန် ကြိုးစားလာခဲ့သည်။ နိုင်ငံ၏ ဒီမိုကရေစီရေးလှုပ်ရှားမှု၏ခေါင်းဆောင်များအတွက် ယင်းကဲ့သို့ ညီညွတ်မှု တည်ဆောက်ရေးသည် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီအတွက် အားလုံးလက်ခံသောအမြင်ကို ဖော်ထုတ်နိုင်ဖို့ရန် အလေးပေးဆောင်ရွက်ခြင်းဖြစ်သည်။ လက်နက်ကိုင်အဖွဲ့အစည်းများသာမက လူထုကို ကူညီထောက်ပံ့ပေးနေသော အရပ်ဘက်အဖွဲ့အစည်းများမှ ဒေသခံခေါင်းဆောင်များအတွက်မှ ယင်းကဲ့သို့ ညီညွတ်ရေးတည်ဆောက်ရေးသည် အလောတကြီးလိုအပ်နေသော လူသားချင်းစာနာမှု ထောက်ပံ့ရေး အတွက် ပူးပေါင်းဆောင်ရွက်ခြင်းကို အလေးပေးမှုဖြစ်သည်။

၃။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ (နစက)မှ လှုပ်ရှားမှုကို ပိတ်ဆို့ရပ်တန့်ရန် နှင့် ပေါ်ပေါက်လာသောစည်းလုံးညီညွတ်မှုကို ကွဲပြားစေရန် ကန့်သတ်မှုများ ဆောင်ရွက်လာခဲ့သည်။ ယင်းကန့်သတ်မှုများသည် ပုံစံ နှစ်မျိုးရှိပါသည်။ အချို့မှာ နစက မှ တိုက်ရိုက်ချမှတ်သော ပိတ်ဆို့ကန့်သတ်မှုများဖြစ်သည်။ အခြားမှာ စစ်တပ်မှအာဏာလုယူမှုပြီး နောက်ဆက်တွဲ နိုင်ငံရေး၊ စီးပွားရေး နှင့် လူသားချင်းစာနာထောက်ထားရေးအကျပ်အတည်းများ စသည်တို့ကြောင့် သွယ်ဝိုက်ပြီးဖြစ်ပေါ်လာသော အကန့်အသတ်များဖြစ်ပေသည်။ ဤစာတမ်းအကျဉ်းတွင် စစ်တပ်အာဏာလုယူပြီးနောက်ပိုင်းတွင် ဒီမိုကရေစီရေးလှုပ်ရှားမှုမှ ရင်ဆိုင်နေရသော ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာကန့်သတ်မှုများကို အဓိက အလေးပေးတင်ပြထားပါသည်။

၄။ ဒီမိုကရေစီရေးလှုပ်ရှားမှုမှ ယင်းအပေါ်ပိတ်ဆို့ကန့်သတ်မှုများအားတုံ့ပြန်ဆောင်ရွက်မှုကိုကြည့်လျှင် လှုပ်ရှားမှု၏ ကြံ့ကြံ့ခံနိုင်စွမ်းရှိမှုနှင့် နစကအာဏာစက်၏အကန့်အသတ်များကို မြင်နိုင်ပေသည်။ နစက မှ ချမှတ်သော ကန့်သတ်မှုများသည် ပြည်သူတစ်ရပ်လုံးအပေါ်သက်ရောက်မှုရှိသည့်အတွက် နစက မှ လှုပ်ရှားမှုအပေါ်တိုက်ရိုက်ပစ်မှတ်ထားပြီးဆောင်ရွက်ဖို့ရန်အတွက် အကန့်အသတ်ရှိပေသည်။ ထို့အပြင် နစကမှဆောင်ရွက်မှုများသည် ယင်း၏အုပ်ချုပ်မှုကို ဆန့်ကျင့်ခြင်းကို ပိုမိုကျယ်ပြန့်နက်ရှိုင်းလာနိုင်ပေသည်။

၅။ ယင်းပိတ်ဆို့ကန့်သတ်မှုများသည် ဒီမိုကရေစီရေးလှုပ်ရှားမှု၏လုပ်ငန်းများအတွက် ဝန်ထုတ်ဝန်ပိုး ပိုမို ဖြစ်စေပြီး အရင်းအမြစ်များရရှိဖို့ရန်အတွက် ခက်ခဲလာစေသော်လည်း ယင်းကန့်သတ်မှုများသည် လှုပ်ရှားမှုကြီးတစ်ခုလုံးအတွင်း၌ လိုက်လျောညီထွေပြောင်းလဲမှုများနှင့် ပူးပေါင်းဆောင်ရွက်မှု ပုံစံအသစ်များလည်း ပေါ်ပေါက်လာစေပါသည်။ ယင်းအချက်များသည် ဖိအားအသစ်များ တိုးလာသည်နှင့်အမျှ လှုပ်ရှားမှု၏ရေရှည်တောင့်ခံနိုင်မှုနှင့် ရေရှည်တည်တံ့မှုတို့အပေါ် မည်သို့ သက်ရောက်မှုရှိနိုင်မည်ကို သုံးသပ်ထားပါသည်။

၆။ ဤစာတမ်းအကျဉ်း၏ နောက်ဆုံးအပိုင်းတွင် လှုပ်ရှားမှုတစ်လျှောက် ပူးပေါင်းဆောင်ရွက်မှု ပုံစံသစ်များ မည်သို့ပေါ်ထွက်လာသည်ကို အလေးပေးဖော်ပြထားပါသည်။ နိုင်ငံအတွင်းရှိဒေသအသီးအသီး၌ ပြီးခဲ့သည့်နှစ်အတွင်း မတူညီသောအခိုက်အတန့်များ၌ မတူညီသောအဖွဲ့အစည်းများသည် ၎င်းတို့၏ တရားဝင်မှုကို အမြင့်ဆုံးမြှင့်တင်ရန်နှင့် ၎င်းတို့၏နည်းဗျူဟာများပြောင်းလဲဖို့ရန် အတူတကွ စုရုံးခဲ့ကြသည်။ ၎င်းတို့သည် ရန်ပုံငွေများရရှိနိုင်စေဖို့ရန်နှင့် နိုင်ငံအနှံ့အပြားရှိ စီးပွားရေးပြိုလဲမှု၏ အကျိုးဆက်များကို စီမံခန့်ခွဲစေဖို့ရန် ဆန်းသစ်သောနည်းလမ်းများကို ကြံဆဆောင်ရွက်ခဲ့ကြပါသည်။ ဤစာတမ်းတွင် ဒီမိုကရေစီရေးလှုပ်ရှားမှုအတွင်းရှိ ယင်းဆန်းသစ်သောအစီအမံများကို မည်ကဲ့သို့အားပေးထောက်ခံနိုင်မည် နှင့် စပ်လျဉ်းသော အကြံပြုတင်ပြချက်များပေးနိုင်ရန် အာရုံစိုက်လေ့လာထားပါသည်။

# နိဒါန်း

၂၀၂၁ ဖေဖော်ဝါရီလ (၁) ရက်နေ့ စစ်တပ်မှအာဏာလုယူမှုသည် စစ်တပ်အားဆန့်ကျင်မှုကို ပုံစံပြောင်းသွားစေပြီး တော်လှန်ရေးဆောင်ရွက်သူများ၏ ပတ်ဝန်းကျင်အခြေအနေကို လုံးဝပြောင်းလဲသွား စေပါသည်။ သို့ရာတွင် မြန်မာပြည်၏ နှစ်ပေါင်းများစွာပေါ်ပေါက်လျက်ရှိသည့် အတိုက်အခံ တော်လှန်ရေးကို ဖန်တီးခဲ့သည်တော့မဟုတ်ပေ။ စစ်တပ်၏နိုင်ငံရေးတွင်ပါဝင်နေမှုကို ဆန့်ကျင်မှုသည် လွန်ခဲ့သောဆယ်စုနှစ် များစွာတွင် ဆင့်ကဲပြောင်းလဲလာပြီး ဖိနှိပ်ချုပ်နှောင်မှုခံထားခဲ့ရသည့် မြန်မာ့အသွင် ကူးပြောင်းရေး ပြီးခဲ့သည့်နှစ်များအတွင်း သိသိသာသာ ပြောင်းလဲလာပါသည်။ အာဏာလုယူမှုမတိုင်မီ ဆယ်စုနှစ်တိုင်ဖြေလျော့မှုကာလတွင် အရပ်ဖက် လူ့အဖွဲ့အစည်းများသည် သိသိသာသာ တိုးတက်မှုများရှိခဲ့သည်။ ယင်းတို့သည် နာဂစ်မုန်တိုင်း ဖြစ်ပွားပြီးနောက် လူထုအားထောက်ပံ့ကူညီမှုတွင် အရေးကြီးသည့်ကဏ္ဍမှပါဝင်ခဲ့ပြီး (မကြာခဏဖိနှိပ်ကန့်သတ်မှု ကြီးကြီးမားမား ရင်ဆိုင်ခဲ့ရသော်လည်း)  အစိုးရနှင့်စစ်တပ်တို့အား တန်ပြန် ထိန်းညှိပေးသော အင်အားစု၏ အရင်းအမြစ်ဖြစ်လာခဲ့သည်[၁]။ ၂၀၀၈ ဖွဲ့စည်းပုံပါ စည်းမျဉ်းများ ကိုလိုက်နာရန် ငြင်းဆိုခဲ့ပြီး ကနဦးတွင် တုန့်ဆိုင်းခဲ့ပြီးနောက် NLD ပါတီသည် ၂၀၁၅ ရွေးကောက်ပွဲ တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါသည်။ ၎င်းတို့သည် စစ်တပ်နှင့် သိမ်မွေ့သော အာဏာခွဲဝေရေး နားလည်မှုတစ်ခုကို စတင်ခဲ့ပြီး စီးပွားရေးနှင့် အုပ်ချုပ်မှုဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ဆက်တိုက်ဆောင်ရွက်ခဲ့သည်။ သို့သော် စစ်တပ်၏လုပ်ဆောင်မှုများကို မေးခွန်းထုတ်မှုများ မလုပ်သလောက်နီးပါးရှိခဲ့ပြီး အစိုးရသက်တမ်းကုန်ခါနီးတွင်မှ NLD မှ ၂၀၀၈ အခြေခံဥပဒေ ပြင်ဆင်ရေးကိုဆောင်ရွက်ခဲ့သည်။ အချို့သောလူမျိုးစုခေါင်းဆောင်များနှင့် အရပ်ဖက်အဖွဲ့အစည်း ခေါင်းဆောင်များမှာ ယင်းချဉ်းကပ်မှုပုံစံအတိုင်း ပါဝင်ခဲ့သော်လည်း အချို့မှာ ၂၀၀၈ အခြေခံဥပဒေမှပေါ်ထွက်လာသော အုပ်ချုပ်ရေးမူဘောင်အပေါ် ပိုမိုပြင်းထန်စွာ ဆန့်ကျင်လာခဲ့သည်။ စစ်တပ်အာဏာလုယူမှု မတိုင်မီတွင် မြန်မာ့စစ်တပ်၏ အတိုက်အခံများအကြားတွင် ချဉ်းကပ်မှုနှင့် မျှော်မှန်းချက်အရ ကွဲပြားလျက်ရှိပါသည်။

အာဏာလုယူမှုနှင့် ယင်း၏နောက်ဆက်တွဲအကျိုးဆက်များသည် အတိုက်အခံများကို တဖန် ပြောင်းလဲစေခဲ့ပါသည်။ ယင်းတို့တွင် ပြောင်းလဲမှု သုံးခုမှာ အထင်ရှားဆုံးဖြစ်သည်။ ပထမတစ်ချက်မှာ အာဏာလုယူမှုဖြစ်ပွားပြီး နောက်ပိုင်းလများတွင် မြန်မာနိုင်ငံ၏ ဆယ်စုနှစ်များစွာကြာခဲ့ပြီးဖြစ်သော၊ ဒီမိုကရေစီရေးလှုပ်ရှားမှုကာလတစ်လျှောက်လုံးတွင် မကြုံစဖူး ပြည်သူလူထု၏ စည်းရုံးလှုပ်ရှားမှုသည် အကျယ်အပြန့်ဆုံးနှင့် အပြင်းထန်ဆုံး ဖြစ်လာခဲ့သည်။ ဒုတိယအချက်မှာ အာဏာလုယူမှုဖြစ်ပွားပြီးနောက်တွင် အသစ်သစ်သောတော်လှန်ရေး အဖွဲ့အစည်းများ၊ ကွန်ရက်များနှင့် နည်းဗျူဟာများ ပေါ်ပေါက်လာခြင်းဖြစ်သည်။ အထင်ရှားဆုံးအချက်မှာ တစ်နိုင်ငံလုံးအတိုင်းအတာထိ အုံ့ကြွမှုဖြစ်ပြီး တော်လှန်ရေးကြီးတစ်ခုအဖြင့်ရုံဖန်ရုံခါပုံဖော်လျက်ရှိသော ပြည်သူ့ခုခံကာကွယ်ရေးစစ် ဖြစ်ပေသည်။ ယင်းမှာ ဗမာလူမျိုး အများစု နေထိုင်ရာဒေသများတွင် ယခင်ကကျင့်သုံးခဲ့သည့် အကြမ်းမဖက်သော တွန်းလှန်ဆန့်ကျင့်ရေးနည်းဗျူဟာနှင့် သွေဖီသွားမှုကိုပြသလျက်ရှိပါသည်။ ထို့အပြင် ယင်းသည် နှစ်ပေါင်းကြာရှည်စွာဖြစ်ပွားလျက်ရှိသော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခအား ဒေသအချို့တွင် အပစ်အခတ်ရပ်စဲရေး အရင်းရှင်စနစ်ဖြင့် နှစ်ရှည်လများစွာ သိမ်သိမ်မွေ့မွေ့နှင့် တည်ငြိမ်အောင်ထိန်းထားနိုင်မှု ပျက်ပြားသွားစေပြီး ပဋိပက္ခများရုတ်ချည်းမြင့်တက်လာစေခဲ့ပါသည်။ နောက်ဆုံး အချက်မှာ ယမန်နှစ်ကစပြီး မျိုးဆက်သစ်များ နိုင်ငံရေးတွင် အရေးကြီးသည့်ကဏ္ဍမှ ပါဝင်လာခဲ့ခြင်းဖြစ်ပါသည်။ နှစ်ရှည်လများစွာ ဆန့်ကျင်တော်လှန်ခဲ့ကြသည့်ခေါင်းဆောင်များ အများအပြား ဖမ်းဆီးခံနေရချိန်၊ ပုန်းအောင်းနေရချိန် သို့မဟုတ် ပြည်ပသို့ထွက်ပြေးနေရချိန်တွင် Gen Z (မျိုးဆက်-Z) အရွယ်ခေါင်းဆောင်အသစ်များ မြောက်များစွာ ပေါ်ထွက်လာကြပါသည်။[၂]

၁ https://asiafoundation.org/wp-content/uploads/၂၀၂၀/၀၃/Strengthening-Subnational-Civic-Engagement-in-Myanmar_EN_4.22.20.pdf
၂ https://www.nytimes.com/2022/03/31/world/asia/myanmar-coup-prisoners.html?smid=em-share

စစ်တပ်ကို နှစ်ပေါင်းများစွာဆန့်ကျင်မှုနှင့် ယမန်နှစ်မှစပြီး ယင်းဆန့်ကျင်မှုပုံစံ သိသိသာသာ ပြောင်းလဲလာမှုကို နားလည်သိရှိအောင်ရည်ရွယ်ပြီး ဤအစီရင်ခံစာအကျဉ်းကို အပိုင်း (၃) ပိုင်းဖြင့် တင်ပြသွားပါမည်။ ရှေးဦးစွာ ဤအစီရင်ခံစာသည် အာဏာလုယူမှုဖြစ်ပွားပြီး (၁၆) လကြာ ကာလအတွင်း ဒီမိုကရေစီရေး လှုပ်ရှားမှုတွင် ပါဝင်သူများနှင့် ယင်းတို့အချင်းချင်းကြားရှိ ဆက်ဆံရေးကို မှတ်တမ်းတင်ဖို့ရန် ကြိုးစားထားပါသည်။ ဒုတိယအနေဖြင့် ဤအစီရင်ခံစာသည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ (နစက) မှ ဒီမိုကရေစီရေးလှုပ်ရှားမှုအပေါ် ဖိနှိပ်ကန့်သတ်သည့်နည်းလမ်းများအား အမျိုးအစား ခွဲခြားပြသထားပါသည်။ နောက်ဆုံးတွင် ဤအစီရင်ခံစာသည် တိုးပွားလာသော ဘဏ္ဍာရေးနှင့်စီးပွားရေးအကန့်အသတ်များမှ ယမန်နှစ်အတွင်း ဒီမိုကရေစီရေး လှုပ်ရှားမှုအပေါ်မည်သို့ သက်ရောက်မှုရှိခဲ့သည်ကို လေ့လာသုံးသပ်ထားပါသည်။ နစက၏ ဘဏ္ဍာရေးနှင့်စီးပွားရေးဆိုင်ရာကန့်သတ်မှုများကို လိုက်လျောညီထွေဖြစ်အောင် မည်သို့တုန့်ပြန် ဆောင်ရွက်ခဲ့သည်ကိုလေ့လာခြင်းအားဖြင့် မိမိတို့သည် လက်ရှိဒီမိုကရေစီရေးလှုပ်ရှားမှု၏ ရေရှည်ဆောင်ရွက်နိုင်မှုကို သုံးသပ်စဉ်းစားနိုင်သည့် ရှုထောင့်ဘောင်တစ်ခုကို တင်ပြထားပါသည်။ လက်ရှိလှုပ်ရှားမှုမှ ယင်း၏ဆောင်ရွက်မှုများ နှေးကွေးစေရန်၊ ယင်း၏အရှိန်အား နောက်ပြန်လန်ကျသွားစေရန် နှင့် ယင်းအပေါ် ကျယ်ပြန့်စွာ ကူညီထောက်ပံ့မှုများ အားနည်းသွားစေရန် လုပ်ဆောင်နေသည့် အနှောင့်အယှက်အမျိုးမျိုးကို မည်သို့ ကျော်လွှားနေသည်နှင့် ပတ်သတ်ပြီး ဆွေးနွေးသုံးသပ်မှုကို ဤအစီရင်ခံစာမှ အထောက်အကူဖြစ်စေလိမ့်မည်ဟု မိမိတို့ မျှော်လင့်ပါသည်။

# အကြောင်းအရင်း

ဤအစီရင်ခံစာသည် ဒီမိုကရေစီရေးလှုပ်ရှားမှုမှရင်ဆိုင်နေရသည့်အခြားကန့်သတ်မှုများကို အကျဉ်းချုံး ဖော်ပြထားပြီး အထူးသဖြင့် ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာအကန့်အသတ်များကို အလေးပေးတင်ပြထား ပါသည်။ ဤကဲ့သို့အလေးပေးတင်ပြရခြင်းမှာ လက်ရှိဒီမိုကရေစီရေး လှုပ်ရှားမှုတွင်ပါဝင်သူ အများအပြား အား လမ်းပြနေသော Theory of change (ပြောင်းလဲရေး သီအိုရီ)ကြောင့် ဖြစ်ပါသည်။ အာဏာလုယူမှု ပေါ်ပေါက်ပြီးပြီးချင်းတွင် အတိုက်အခံများသည် စစ်တပ်နှင့် ယင်း၏မဟာမိတ်များကို တရားဝင်မှုမရှိစေရန် နှင့် အရင်းအမြစ်များမရရှိစေရန် နည်းဗျူဟာကို ကျင့်သုံးခဲ့ကြပါသည်။ စစ်တပ်မှ နိုင်ငံတော်အာဏာအား ထိန်းချုပ်ရန် ကြိုးစားမှုကို လျှပ်စစ်မီတာခများမပေးခြင်း (သို့မဟုတ်) ပြည်သူ့ဝန်ထမ်းများ အလုပ်ထွက် ခြင်း စသည့် အာဏာဖီဆန်ခြင်းအားဖြင့် အရေးကြီးသည့်အရင်းအမြစ်များစီးဝင်မှုကို ပိတ်ဆို့နိုင်လိမ့်မည်။ အကယ်၍ စစ်တပ်နှင့် ယင်းအာဏာရှိစေရန် အထောက်အကူပေးနေသူများအား ယင်းတို့ မျှော်လင့်ထား သည့်ထက်ပိုပြီး စားရိတ်စကကြီးမားလာစေပြီး နိုင်ငံတော်ကိုထိထိရောက်ရောက် ထိန်းချုပ်နိုင်ခွင့်ကို ငြင်းပယ် နိုင်မည်ဆိုလျှင် အာဏာလုယူမှုကို နောက်ပြန်လှည့်နိုင်စေမည် ဆိုပြီးဖြစ်သည်။ ဤမဟာဗျူဟာအတိုင်းဆို လျှင် ဖေဖော်ဝါရီလ (၁) ရက်နေ့ဖြစ်စဉ်အတွက် စားရိတ်စကနှင့် ဆုံးရှုံးနိုင်ချေတို့သည် ပိုပြီး များပြားပြင်းထန် လာမည်ဖြစ်ပါသည်။ စစ်တပ်မှ စီးပွားရေး အခွင့်အလမ်းများမပေးနိုင်ပါက ယင်း၏ အဓိကမဟာမိတ်များ ကို ဆုံးရှုံးမည်ဖြစ်သည်၊ သို့တည်းမဟုတ် စစ်တပ်အတွင်းမှ အုပ်စုအချို့က နောက်ပြန်လှည့်ခြင်းသည် ပိုမို ကောင်းမွန်သော ရွေးချယ်စရာလမ်းကြောင်းတစ်ခုဟူ၍ ကောက်ချက်ချလာမည်ဖြစ်သည်။[၃] ပြောင်းလဲရေး သီအိုရီ၏ အလိုအရ အာဏာဖီဆန်မှုနှင့် ငြင်းပယ်မှုတို့ဖြင့် လူထုမှစစ်တပ်အုပ်ချုပ်မှုကို အားမတန်မာန်လျှော့ ပြီး လက်မခံခင်မှာ စစ်တပ်၏အာဏာအခြေသည် လျင်မြန်စွာအားနည်းလာပြီး တည်ငြိမ် အေးချမ်းရေးဆီ သို့ အမြန်ဆုံးရောက်ရှိနိုင်မည်ဟူ၍ ဖြစ်သည်။

ကနဦးတွင် ဒီမိုကရေစီရေးလှုပ်ရှားမှုဘက်က စစ်တပ်နှင့်ယင်း၏ မဟာမိတ်များထံ အရင်းအမြစ်များ မရောက် ရှိစေရန် ပိတ်ဆို့ခြင်းအပေါ် အာရုံစိုက်ခဲ့သော်လည်း ခုခံတော်လှန်မှု ကြာရှည်လာသည်နှင့်အမျှ (၁၆ လ ကြာအာဏာဖီဆန်မှုနှင့် ၈ လကြာပြင်းထန်လာသောပဋိပက္ခ) ဒီမိုကရေစီလှုပ်ရှားမှုဘက်က အရင်းအမြစ် များအဆက်မပြတ် ပိုမိုလိုအပ်လာပါသည်။ စစ်တပ်အား နိုင်ငံတော်အစိုးရတစ်ရပ်အဖြစ်ပြုမူနိုင်ရန် လိုအပ် သော အရင်းအမြစ်များနှင့် တရားဝင်မှုတို့ကို ငြင်းပယ်ရန် ကြိုးစားမှုတို့သည် မြန်မာပြည်သူလူထုတို့အတွက် ကြီးမားသောဝန်ထုပ်ဝန်ပိုးများ ဖြစ်လာစေပါသည်။ ပဋိပက္ခနှင့် စီးပွားရေးပြိုလဲမှုတို့ကြောင့် လိုအပ်ချက်များ ကြီးထွားလာချိန်တွင် စစ်တပ်ကနိုင်ငံတော်အစိုးရအဖြစ် လုပ်ဆောင်နိုင်စွမ်းကို ဆက်လက်ငြင်းပယ်နေသူများ ကို  ဒီမိုကရေစီရေးလှုပ်ရှားမှုက ဆက်လက်ထောက်ပံ့ရမည်ဖြစ်သည်။ ထို့အပြင် ယခုအခါ လက်နက်ကိုင် တော်လှန်ရေးအတွက်လည်း အရင်းအမြစ်အမြောက်အများ လိုအပ်လာပါသည်။ ဤအစီရင်ခံစာအကျဉ်း တွင် ဒီမိုကရေစီရေးလှုပ်ရှားမှုအတွင်းမှ မတူညီသောအဖွဲ့အစည်းများနှင့် ပါဝင်သူများသည် ခုခံတော်လှန် မှု၏အစိတ်အပိုင်းအမျိုးမျိုးကိုထောက်ပံ့ကူညီမှု၏ ပေးဆပ်ရမှုနှင့်အကျိုးအမြတ်များကို မည်ကဲ့သို့နားလည်ကြ သည်ကို လေ့လာတင်ပြထားပါသည်။ ၎င်းတို့၏ လှုပ်ရှားဆောင်ရွက်မှုများအပေါ် ကန့်သတ်မှုများ ပိုမိုရှိလာပြီး၊ အရင်းအမြစ်များ စီးဝင်မှုသည်လည်း အကန့်အသတ်ရှိလာသည့်အခါ ဒီမိုကရေစီလှုပ်ရှားမှု၏ ခံနိုင်ရည်စွမ်း ကို စဥ်းစားသုံးသပ်နိုင်မည့်ဘောင်တခုကို တင်ပြပါမည်။ လှုပ်ရှားမှုမှဟန့်တားခြင်းခံရခြင်း၊ လှုပ်ရှားမှုအရှိန်ကို နောက်ပြန်ဆုတ်စေခြင်း၊ အထောက်အပံ့များကို အမြစ်ဖြတ်တားစီးခံရခြင်း စသည်တို့ကိုရှုမြင်နိုင်သည့် ၎င်း တို့၏ စွမ်းရည်တို့ကိုလည်း ဆွေးနွေးတင်ပြနိုင်ဖို့ မျှော်လင့်ထားပါသည်။

[၃] ထိုမဟာဗျူဟာသည် လက်ရှိအချိန်အထိရလဒ်များထွက်နေဆဲဖြစ်သည်၊ ယခုအခါ စစ်တပ်သည် ယင်း၏ ဦးပိုင် ကုမ္ပဏီများမှ အမြတ်ဝေစုကို စစ်သားများသို့မပေးနိုင်တော့ပေ။ ယင်းမှာ စစ်တပ်၏ ကျယ်ပြန့်သော လက်သင့်ရာ စားတော်ခေါ်သည့်စနစ်ကြီးမှ လက်တလောတွင် ပြင်းထန်သောထိုးနှက်မှုများ ရင်ဆိုင်နေရသည့် ပြယုဒ်တစ်ခုလည်း ဖြစ်သည်။ အောက်ပါဆောင်းပါးကိုရှုရန် https://www.irrawaddy.com/news/burma/military-owned-corporation-fails-to-pay-dividends-to-myanmar-troops.html?fbclid=IwAR2O82zbtbgf1vKEj-tz0M9XWqd1GC9BhXagctd2eViY2yTvh-EuhqIKFKU

# သုတေသနနည်းနာ

ဤအစီရင်ခံစာအကျဉ်းသည် သုတေသနဆောင်ရွက်သည့် အချိန်တိုကာလအတွင်း အရေးကြီးသောသတင်းအချက်အလက်ပေးသူများနှင့် တွေ့ဆုံမေးမြန်းမှုများအပေါ်တွင် အခြေခံထားပါသည်။ သီတင်းပတ်(၃) ပတ်ကာလအတွင်း တွေ့ဆုံမေးမြန်းရေးအဖွဲ့သည် မြန်မာပြည်၏ တိုင်းနှင့်ပြည်နယ်အသီးသီးတွင်လှုပ်ရှားဆောင်ရွက်နေကြသော လူပုဂ္ဂိုလ် (၂၈)ဦးခန့်နှင့်တွေ့ဆုံမေးမြန်းခဲ့ပါသည်။[၄] လက်ရှိတွင် မြန်မာနိုင်ငံ၌ သုတေသနဆောင်ရွက်ခြင်းသည် ကြီးမားသောအန္တရာယ်များရှိသော်လည်း ယင်းအန္တရာယ်များအား စီမံနိုင်ဖို့ရန် အောက်ပါတို့ကို ဆောင်ရွက်ခဲ့ပါသည် (အခြားဆောင်ရွက်မှုများလည်းရှိသည်)။ သုတေသနအဖွဲ့နှင့် အကြံပေးများ တိုင်ပင်ပြီး တွေ့ဆုံမေးမြန်းမှုတစ်ခုချင်းစီအတွက် ဘေးအန္တရာယ်ဆန်းစစ်ခြင်း၊ အရေးကြီးသော သတင်းအချက်အလက်ပေးသူများ၏ အမည်များကိုမဖော်ပြခြင်း၊ အဖွဲ့၏ယုံကြည်ရသော ကွန်ရက်များနှင့်ချိတ်ဆက်ပြီး တွေ့ဆုံမေးမြန်းမှုကိုလက်ခံဖြေကြားမည့်သူများအား ရှာဖွေဆက်သွယ်ခြင်း စသည်တို့ဖြစ်ပါသည်။ ယင်းတွေ့ဆုံမေးမြန်းမှုအချက်အလက်များကို အာဏာလုယူပြီး နောက်ပိုင်းတွင် ထွက်ပေါ်လာသော သုတေသနနှင့် မူဝါဒထုတ်ပြန်ချက်များကလည်း ပံ့ပိုးထားပါသည်။

လျင်မြန်စွာဖြစ်ပေါ်ပြောင်းလဲလျက်ရှိသောအခြေအနေကို လျှပ်တစ်ပြက်မြင်ကွင်းတစ်ခုအနေဖြင့် ထိုတွေ့ဆုံမေးမြန်းမှုများမှတဆင့် တွေ့မြင်နိုင်ပါသည်။ တွေ့ဆုံမှုများတွင်ကြားသိရသော လားရာများသည် နစကမှ တိုက်ရိုက်ချမှတ်ထားသော ကန့်သတ်ချုပ်ချယ်မှုများ နှင့် ယင်း၏ အာဏာခိုင်မြဲရေးအတွက် ဆောင်ရွက်မှုများကြောင့် သွယ်ဝိုက်ပေါ်ပေါက်လာသော ကန့်သတ်မှုများကို ဒီမိုကရေစီရေး ခုခံတော်လှန်မှုမှ လိုက်လျောညီထွေရှိအောင် မည်သို့ပြောင်းလဲ ဆောင်ရွက်ကြသည့် ဥပမာများအဖြစ် သိနိုင်ပါသည်။ ဤအစီရင်ခံစာအကျဉ်းသည် ပြဿနာများဖြေရှင်းနိုင်ရန် အကြံပေးခြင်းဆိုခြင်းထက် လေ့လာမှုတစ်ရပ်သာဖြစ်ပါသည်။ ဒီမိုကရေစီရေးလှုပ်ရှားမှု၏ လိုက်လျောညီထွေပြောင်းလဲမှုနှင့် ကြံ့ကြံ့ခံနိုင်မှု စရိုက်သဘာဝကို လေ့လာခြင်းဖြင့်၊ အထူးသဖြင့် လှုပ်ရှားမှုတွင်ပါဝင်ကြသူများမှ ယမန်နှစ်အတွင်းချမှတ်လာသော ကန့်သတ်မှုများကို တုံ့ပြန်ဆောင်ရွက်သည့် နည်းလမ်းများနှင့် မဟာဗျူဟာများကို မည်သို့ပြောင်းလဲခဲ့သည်ကို သုံးသပ်လေ့လာခြင်းဖြင့် လှုပ်ရှားဆောင်ရွက်လျက်ရှိသည့်အနေအထားများ ပိုမိုဆိုးရွားလာလျှင် လှုပ်ရှားမှုမှ မည်သို့တုံ့ပြန်လာလိမ့်မည်နည်းနှင့် စပ်လျဉ်းသည့် ဆွေးနွေးသုံးသပ်မှုကို ဤစာတမ်းမှ အချက်အလက်များပေးထားပါသည်။ တပြိုက်နက်တည်းတွင် ဤစာတမ်းသည် ခုခံတော်လှန်မှုကို အားချိနဲ့အောင်ဆောင်ရွက်သည့်နေရာတွင် နစက တွင်လည်း အကန့်အသတ်များရှိသည်ကို သိမြင်နိုင်အောင် တင်ပြထားပါသည်။ စစ်အုပ်စုမှ ဒီမိုကရေစီရေးလှုပ်ရှားမှုအား ကန့်သတ်မှုများ ပိတ်ဆို့ဆောင်ရွက်နေသော်လည်း တဖက်တွင်လည်း စစ်အုပ်စု၏ အကန့်အသတ်နှင့် ယိုင်နဲ့နဲ့အနေအထားမှာလည်း ပေါ်လွင်လျက်ရှိပါသည်။

---

၄ တွေ့ဆုံမေးမြန်းမှုများကို နောက်ဆက်တွဲဇယားတွင်တွေ့နိုင်ပါသည်။

# အပိုင်း (၁)

## ဒီမိုကရေစီရေးလှုပ်ရှားမှု - အဖွဲ့အစည်းများနှင့်ကွန်ရက်များ

ဒီမိုကရေစီရေးလှုပ်ရှားမှုတွင်ပါဝင်သူများသည် မတူညီသော အဖွဲ့အစည်း နှင့် ကွန်ရက်များဖြင့် အတိုင်းအတာ အမျိုးမျိုးဖြင့် ပါဝင်လျက်ရှိကြသည်။ အချို့မှာ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအထိ သြဇာလွှမ်းမိုးမှုရှိပြီး အချို့မှာမူ သက်ဆိုင်ရာ တိုင်းနှင့်ပြည်နယ်များတွင် သြဇာလွှမ်းမိုးမှု အထင်အရှားရှိကြသည်။ ထို့အပြင် ရပ်ရွာ အဆင့်တွင် သီးခြားအာဏာပိုင်များနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများမှ အရေးတကြီးလိုအပ်နေသည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ရံဖန်ရံခါတွင်မူ နိုင်ငံတော်အစိုးရ၏တာဝန်များကို အစားထိုးဝင်ရောက် ပြီး လှုပ်ရှားဆောင်ရွက်လျက် ရှိကြပါသည်။ ဤကဲ့သို့ကျယ်ပြန့်သောလှုပ်ရှားမှုကြီး၏ ကြံ့ကြံ့ခိုင်မှုနှင့် ပြိုကွဲနိုင် မှုတို့ကို နားလည်သဘောပေါက်နိုင်ရန် ဤလှုပ်ရှားမှုတွင်ပါဝင်သူများမှ တစ်ဖွဲ့နှင့်တစ်ဖွဲ့ မည်သို့ အပြန်အလှန် အမှီသဟဲပြုနေသည်ကို သိရှိရန်လိုသလို ယင်းတို့အကြား ဦးတည်ချက်များ၊ အကျိုးစီးပွားများ၊ အရင်းအမြစ် များ လက်လှမ်းမီမှု၊ တရားဝင်မှုနှင့်အာဏာရှိမှု အတိုင်းအတာအမျိုးမျိုးအရ ကွဲပြားလျက်ရှိနေသည်ကိုလည်း သိရှိဖို့လိုပါသည်။

ဤလှုပ်ရှားမှု၏ ကြံ့ခိုင်မှုနှင့်ပြိုကွဲနိုင်မှုတို့ကို နားလည်ဖို့ရန် ယင်းတွင်ပုံစံအမျိုးမျိုးဖြင့် တရားဝင်နှင့် အလွတ်သဘော လှုပ်ရှားနေသူများကို သိရှိနားလည်ဖို့ရန် လိုအပ်ပါသည်။ အထူးသဖြင့် အာဏာလုယူမှုဖြစ်စဉ် နောက်ပိုင်းတွင် ကူညီထောက်ပံ့ရေးအတွက် အလွတ်သဘော လှုပ်ရှားဆောင်ရွက်နေသည့် ကွန်ရက်များသည် လှုပ်ရှားမှုကြီးတွင် ပိုမိုအရေးပါလာပါသည်။ အာဏာလုယူမှုမတိုင်မီကရှိသော သိကျွမ်းမှုကိုအခြေခံပြီး ယင်း ဗဟိုချုပ်ကိုင်မှုလျော့နည်းသော ကွန်ရက်များသည် လှုပ်ရှားမှုကြီး၏ တရားဝင်လှုပ်ရှားသူများ၏ ဆောင်ရွက် မှုများနှင့် ဦးတည်သွားနေသည့် လမ်းကြောင်းတို့ကို ရံဖန်ရံခါ အထောက်အကူဖြစ်စေပါသည်။ ယင်းတို့သည် နစက၏ စောင့်ကြည့်ရေးနှင့် အုပ်ချုပ်ရေးစနစ်အား ရှောင်တိမ်းပြီး တိတ်တဆိတ်ကူညီထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် ဒီမိုကရေစီရေးလှုပ်ရှားမှုကြီးတွင် တရားဝင် နှင့် အလွတ်သဘော လှုပ်ရှားများဟူ၍ သီးခြားစီရှိနေကြခြင်းမဟုတ်ဘဲ အဖွဲ့အစည်းများ၏ လှုပ်ရှားမှုပုံစံအလိုက် ကွဲပြားလျက်ရှိနေ ကြခြင်း ဖြစ်ပါသည်။

ဒီမိုကရေစီရေးလှုပ်ရှားမှုကို ဤကဲ့သို့ ပုံဖော်စဉ်းစားခြင်းသည် လှုပ်ရှားမှုတွင်ပါဝင်သူ အားလုံးသည် စစ်တပ် အား ဆန့်ကျင့်တွန်းလှန်နေသော တစ်ဖွဲ့တည်းသောပုံစံမျိုးဖြင့် ရှိနေခြင်းမဟုတ်သည်ကို ပြသလျက်ရှိ သော်လည်း တစ်ဖက်တွင် အာဏာလုယူမှုနောက်ပိုင်းတွင် ပေါ်ပေါက်ခဲ့သော အကြီးမားဆုံးပြောင်းလဲမှုများ ထဲတွင် တစ်ခုဖြစ်သည့် ပြန်လည်ပေါ်ထွက်လာသော စည်းလုံးညီညွတ်မှု နှင့် လှုပ်ရှားမှုတွင်ပါဝင်သူ ပေါင်းစုံ အကြားတွင် ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာဖို့ရန် အာရုံစိုက်ဆောင်ရွက်နေကြသည်ကို လည်း ပြသလျက်ရှိပါသည်[၅]။ ဤအစီရင်ခံစာအကျဉ်းသည် လှုပ်ရှားမှုကြီးမှ အရင်းအမြစ်များ လက်လှမ်းမမီ နိုင်အောင် နစကမှ ပိတ်ဆို့ချမှတ်ထားသည့် အကန့်အသတ်များအကြားတွင် အာဏာမသိမ်းမီက တကွဲတပြား ဖြစ်နေသည့်အနေအထားမှ တစုတစည်းဖြစ်အောင်ဆောင်ရွက်နေသော ခက်ခဲရှုပ်ထွေးသည့် လုပ်ငန်းစဉ် သည် မည်သို့ပေါ်ထွက်လာသည်ကို လေ့လာတင်ပြထားပါသည်။ ဤကဲ့သို့ ခုခံတော်လှန်မှုလားရာအသစ် သည် တရားဝင်နှင့် အလွတ်သဘောဆောင်ရွက်နေသူများဖြင့် ရပ်ရွာအဆင့်၊ တိုင်း/ပြည်နယ်နှင့် ပြည်ထောင်စု အဆင့်တွင် မည်သို့ဖြစ်ပေါ်နေသည်ကို လေ့လာထားပါသည်။

၅ နစကနှင့်သော်လည်းကောင်း၊ ဒီမိုကရေစီရေးလှုပ်ရှားမှုနှင့်သော်လည်းကောင်း အပြည့်အဝ မချိတ်ဆက်နေသည့် နိုင်ငံရေးကဏ္ဍ မှအခြားပုဂ္ဂိုလ်/အဖွဲ့အစည်းများလည်း ရှိပေသည်။ သေးကျုံ့လာသည့် နိုင်ငံတော်အစိုးရ၏ လစ်လပ်နေရာများ ကို အစားထိုးဝင် ရောက်လာသဖြင့် အာဏာလုယူမှုဖြစ်စဉ်နောက်ပိုင်းတွင် ယင်းပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် ပိုမိုအရေးပါ လာသည်။ ထို့အဖွဲ့များ၏ အခန်းကဏ္ဍအကြောင်းသည် ဤစာတမ်း၏လေ့လာမှုထဲတွင် မပါဝင်သော်လည်း ဒီမိုကရေစီရေး လှုပ်ရှားမှု၏ အနာဂတ်အတွက် အရေးပါပေသည်။

## ဒီမိုကရေစီအရေးလှုပ်ရှားမှု - ပါဝင်သူများနှင့် ယင်းတို့၏အခန်းကဏ္ဍများ

| | | |
|---|---|---|
| ပြည်ထောင်စု အဆင့် ဆောင်ရွက်သူများ | NUG - အစိတ်အပိုင်း အချို့ သဘောတူညီချက်ရထားသော ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်အရ နှင့် NUCC ဆွေးနွေးမှုများမှ တဆင့် ဖွဲ့စည်းထားသော စင်ပြိုင်အစိုးရ | • ဒီမိုကရေစီအရေး ခုခံတော်လှန်မှုတွင်ပါဝင်သည့် အဖွဲ့အစည်းအမျိုးမျိုးကို စုစည်းထား<br>• နစကၡ ပိတ်ဆို့ထားသော အကန့်အသတ်များကို ရှောင်လွဲနိုင်သည့် နေရာများတွင် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းဆောင်တာအချို့ကို ကျင့်သုံးဆောင်ရွက်<br>• စစ်တပ်နှင့် ယင်း၏မဟာမိတ်များထံ အရင်းအမြစ်များစီးဝင်မှုကို ဟန့်တားနှောင့်ယှက်<br>• လူသားချင်းစာနာမှု အကူအညီလိုအပ်ခြင်းပြဿနာ နိုင်ငံအတွင်းကြီးထွားလာမှုကို တုံ့ပြန်ပြီး တဖက်တွင် ခုခံတော်လှန်မှုတွင် လူထု၏ပါဝင်လိုမှုနှင့် ပါဝင်နိုင်မှုကိုလည်း ထိန်းပေးထား |
| | NUCC - အနာဂတ် ဖက်ဒရယ် ပြည်ထောင်စုကို မျှော်ရည်ကြသော မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားမှု တွင် ပါဝင်ကြသည့် အဖွဲ့အစည်းအမျိုးမျိုးကို ကိုယ်စားပြုသည် | • စစ်တပ်ဆန့်ကျင်ရေးတွင်ပါဝင်သည့်အဖွဲ့များ နိုင်ငံရေး ဆွေးနွေးဖို့ရန် ရပ်ဝန်းတစ်ခု<br>• မြန်မာ့ခေတ်ပေါ်သမိုင်းတွင် အားလုံးဘက်စုံပါဝင်မှုအားအကောင်းဆုံး နိုင်ငံရေးဆွေးနွေးမှုတစ်ရပ်ကို ဖော်ဆောင်<br>• ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်အရ နိုင်ငံရေးသဘောတူညီချက်အသစ်တစ်ခု၏ အချက်များကိုသဘောတူ |
| | CRPH - ဖယ်ရှားခံရသော လွှတ်တော်အမတ်များ ပါဝင်ပြီး မြန်မာ့ရွေးကောက်ခံအစိုးရအား ကိုယ်စားပြု | • ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်အမတ်များကို ကိုယ်စားပြု၊ NLD ပါတီအမတ်များ အများစုပါဝင်<br>• NUG နှင့် NUCC တို့နှင့်အတူ ဆောင်ရွက်လျက်ရှိ |
| | အထွေထွေသပိတ်ကော်မတီများ | • အာဏာဖီဆန်ရေးလှုပ်ရှားမှုကို ဦးစီးဆောင်ရွက်လျက်ရှိသည့် အဓိကကျသောသမဂ္ဂများနှင့်အခြားအရပ်ဘက်လူ့အဖွဲ့အစည်းများ စုဖွဲ့ထားမှု၊ ယင်းတို့သည် NUCC လုပ်ငန်းစဉ်တွင်ပါဝင်ကြ |
| တိုင်း/ပြည်နယ် အဆင့် ဆောင်ရွက်သူများ | ပြည်နယ်/လူမျိုးစု အတိုင်ပင်ခံကော်မတီများ | • သက်ဆိုင်ရာပြည်နယ်/တိုင်းများရှိ မတူညီသော ဒီမိုကရေစီအရေး လှုပ်ရှားသူများ၊ ဒေသခံအာဏာပိုင်များ နှင့် ERO များ စုစည်းဖို့ရန် ဆောင်ရွက်၊ ယင်းတွင် ဒေသခံအုပ်ချုပ်ရေးဖွဲ့စည်းမှုများလည်း ပါဝင်<br>• ကယား၊ ကရင် နှင့် ချင်း တို့တွင် အဓိကတွေ့နိုင် |

| | | |
|---|---|---|
| တိုင်း/ပြည်နယ် အဆင့် ဆောင်ရွက်သူများ | တိုင်းရင်းသား တော်လှန်ရေးအဖွဲ့ အစည်းများ (EROs) | • KNU နှင့် KIO တို့သည် NUG နှင့် အနီးအစပ်ဆုံးဖြစ်သည့် ERO များဖြစ်ကြပြီး ယင်းတို့သည် အဆင့်မြင့်ဆုံးသော အုပ်ချုပ်ရေးစနစ်နှင့် အခြေတည်ပြီးသော စိုးမိုးနယ်မြေရှိသည့် အဖွဲ့နှစ်ဖွဲ့လည်းဖြစ် |
| ရပ်ရွာအဆင့် လှုပ်ရှားသူများ | ပြည်သူ့ကာကွယ်ရေး တပ်များ (PDF) | • ပြည်သူ့ခုခံကာကွယ်ရေးစစ်ပွဲကြီးတွင် ပါဝင်လျက်ရှိသော ရပ်ရွာအဆင့် လက်နက်ကိုင်အဖွဲ့များဖြစ်<br>• NUG ကာကွယ်ရေးဝန်ကြီးဌာန (သို့) EROs နှင့် ချိတ်ဆက် (သို့) သီးခြားရပ်တည် ဆောင်ရွက်လျက်ရှိမရှိအရ ကွဲပြားမှု သိသိသာသာရှိကြ |
| | ပြည်သူ့အုပ်ချုပ်ရေး အဖွဲ့များ(ပအဖ) | • ရပ်ရွာအဆင့် အုပ်ချုပ်ရေးအဖွဲ့များဖြစ်၊ စစ်တပ်အာဏာပိုင်များ လစ်လပ်သွားသည့်ဒေသများတွင် လုပ်ငန်းဆောင်တာများစွာ ဆောင်ရွက်ပေးလျက်ရှိ၊ ယင်းအဖွဲ့များသည် NUG ၏လမ်းညွှန်မှုဖြင့် ဖွဲ့စည်းခဲ့သည် (သို့တည်းမဟုတ် တရားဝင်ဖြစ်အောင် ဆောင်ရွက်ပေးခဲ့) |
| | ရပ်ရွာအဆင့် အရပ်ဘက် အဖွဲ့အစည်းများ နှင့် - လူမှု အပြန်အလှန် ကူညီရေးအဖွဲ့များ | • ရှိနေပြီးသော တရားဝင်မှုနှင့် ယုံကြည်ရသောကွန်ရက်များကို အသုံးပြု၍ လိုအပ်မှုများကို ကူညီပေးလျက်ရှိသော၊ ခုခံတော်လှန်ရေးတွင်ပါဝင်သူများကို ကူပေးနေသော အဖွဲ့အစည်းများ |
| နိုင်ငံတကာမှ လှုပ်ရှားသူများ | ပြည်ပရောက် မြန်မာများ | • နိုင်ငံအတွင်း ဒီမိုကရေစီရေးလှုပ်ရှားသူများအတွက် အရေးပါသော ငွေကြေးထောက်ပံ့မှု အရင်းအမြစ်ဖြစ်သည်၊ ပြည်ထောင်စုအဆင့်သာမက တိုင်း/ပြည်နယ်အဆင့် လှုပ်ရှားသူများအား တိုက်ရိုက် ထောက်ပံ့ကူညီနေ<br>• အရေးကြီးပြီး အကန့်အသတ်ရှိနေသော ပြည်ပ ရောက်နေသူများမှ ငွေပြန်ပို့သည့် စီးပွားရေးသည် ထိလွယ်၊ ရှလွယ်သောပြည်သူများ အသက်ဆက်ဖို့ ရေသောက်မြစ်တစ်ခု ဖြစ်နေ |
| | နိုင်ငံတကာအရပ်ဘက် အဖွဲ့များနှင့် အလှူရှင်များ | • လွန်ခဲ့သောဆယ်စုနှစ်အတွင်း ပြည်တွင်းရှိ အရပ်ဘက်လူ့အဖွဲ့အစည်းများ ကြီးထွားလာရန် ပံ့ပိုးကူညီခဲ့သည်<br>• ဒီမိုကရေစီရေးလှုပ်ရှားမှုမှ အရင်းအမြစ်များ လက်လှမ်းမီဖို့ရန်၊ အရေးကြီးသောစီမံချက်များ အကောင်ထည်ဖော်နိုင်ဖို့ရန်နှင့် ယင်းတို့၏ တရားဝင်မှုကို ပိုမိုနက်ရှိုင်းလာစေဖို့ရန် နိုင်ငံတကာအကူအညီများ ရယူနိုင်မှု အခြေအနေကို နိုင်ငံတကာအသိုင်းအဝိုင်း၏ အမြင်အသစ်များနှင့် ပြည်တွင်းတွင် ဆက်လက်လုပ်ဆောင်လိုသည့် နိုင်ငံတကာ အဖွဲ့များအတွက် လိုအပ်ချက်အသစ်များက ပုံဖော်လျက်ရှိပါသည်။ |

## တကွဲတပြားဖြစ်စေသည့် အကြောင်းတရားများ

ရပ်ရွာအဆင့်တွင် အာဏာပိုင်အဖွဲ့အစည်းများ တည်ဆောက်ပုံသည် နိုင်ငံအတွင်းတစ်နေရာနှင့် တစ်နေရာ သိသာစွာကွဲပြားမှုရှိသည်။ ကျေးလက်ဒေသနေရာအများအပြားတွင် နစကမှ နယ်မြေစိုးမိုးမှု မရှိတော့သည့် အခါ လစ်လပ်သွားသည့် အာဏာလေဟာနယ်ကို အဖွဲ့အမျိုးမျိုးကဝင်ရောက်ပြီး အစိုးရလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုရပ်ရွာအဆင့်အဖွဲ့များသည် ပိုမိုကျယ်ပြန့်သော ဒီမိုကရေစီရေး လှုပ်ရှားမှု နှင့်အတူ ဆောင်ရွက်မှုပုံစံ တစ်ဖွဲ့နှင့်တစ်ဖွဲ့ သိသာစွာကွဲပြားပါသည်။ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ(ပအဖ) များသည် ရပ်ရွာအဆင့် အုပ်ချုပ်ရေးအဖွဲ့များဖြစ်ပြီး စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် အဓိကပေါ်ထွက် လာလျက် ရှိပါသည်။ ယင်းအုပ်ချုပ်ရေးအဖွဲ့အများစုကို NUG မှ ထောက်ပံ့ပေးထားပြီး နစကထိန်းချုပ်မှု သိသာစွာ လျော့ရဲသွားသည့်ဒေသများတွင် လည်ပတ်လျက်ရှိပါသည်။[၆] ရခိုင်တွင် ရပ်ရွာအုပ်ချုပ်ရေး အဖွဲ့ များသည် ရက္ခိုင့်အမျိုးသားအဖွဲ့ချုပ် (ULA) အောက်တွင်ရှိနေပြီး အများစုမှာ လက်ရှိဒီမိုကရေစီရေး လှုပ်ရှားမှု နှင့် အဆက်ပြတ်နေလျက်ရှိသည်။ အခြားနေရာများတွင် မိမိတို့၏ဌာနများသို့ ပြန်မသွားတော့သည့် CDM ဝန်ထမ်းများသည် အရပ်ဘက်အဖွဲ့အစည်းများနှင့် လက်တွဲကာ မိမိတို့၏ သက်ဆိုင်ရာ ရပ်ရွာဒေသများ ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို တုံ့ပြန်ဖို့ရန် ဆောင်ရွက်လျက်ရှိကြသလို ပိုမိုပြီးစနစ်ကျသော အုပ်ချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့ရန် သင်တန်းများရယူလျက် ရှိကြသည်။[၇]

PDF အချို့မှာ နိုင်ငံ၏အခြားဒေသများတွင် အုပ်ချုပ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြသည်။ ဥပမာ ချင်း တွင် ရပ်ရွာအုပ်ချုပ်ရေးလုပ်ငန်းများသည် ရခိုင် ULA ကဲ့သို့ သီးခြားလွတ်လပ်စွာရှိနေခြင်း မဟုတ်သော်လည်း NUG နှင့်တော့ သီးခြားဆီဆောင်ရွက်လျက်ရှိသည်။ ကျေးလက်ဒေသများတွင် ချင်းဒေသကာကွယ်ရေး တပ်မတော် (CDF) (တခါတရံတွင် မြို့နယ်တစ်ခုတွင် အဖွဲ့နှစ်ဖွဲ့ လည်ပတ်ဆောင်ရွက်နေကြသည်) မှ ရပ်ရွာ ဒေသပြည်သူလူထုအတွက်ဝန်ဆောင်မှုများပေးဖို့ရန် နစက နှင့် အပြိုင် အရေးပါသောအုပ်ချုပ်ရေးလုပ်ငန်း များကို ကျင့်သုံးဆောင်ရွက်လျက်ရှိပြီး NUG နှင့် ပြည်ပရောက်ချင်းလူမျိုးများထံမှ ငွေကြေးထောက်ပံ့မှုများ ရရှိလျက် ရှိသည်။[၈] အခြား PDF များသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် မတူညီသောဆက်ဆံမှု မျိုးများနှင့် လည်ပတ်ဆောင်ရွက်လျက် ရှိပါသည်။ တချို့မှာ NUG ၏ဖွဲ့စည်းပုံထဲတွင်ပါဝင်ပြီး တချို့မှာ ERO များနှင့်ပိုမိုနီးစပ်မှုရှိသည်။ တချို့ကတော့ ဖော်ပြပါနိုင်ငံရေးအာဏာပိုင်အဖွဲ့အစည်းများအောက်တွင်မရှိဘဲ သီးခြားရပ်တည်လျက် ရှိပါသည်။[၉]

ရပ်ရွာအဆင့် အရပ်ဘက်အဖွဲ့အစည်းများသည် (အာဏာလုယူမှုမတိုင်မီကတည်းက ရှိနေပြီဖြစ်သော အဖွဲ့ အစည်းများနှင့် ဖေဖော်ဝါရီလ (၁) ရက်နောက်ပိုင်း အလွတ်သဘောဆောင်ရွက်လျက်ရှိသည့် ကွန်ရက်များ အပါအဝင်) နစက မှ ဦးတည်တိုက်ခိုက်မှုခံနေရသူများကို အကူအညီပေးလျက်ရှိပါသည်။[၁၀] အရပ်ဘက်အဖွဲ့ အစည်းများ၏ နိုင်ငံတစ်ဝှမ်း၌ချိတ်ဆက်ဆောင်ရွက်နိုင်မှုသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကွာခြားမှု များစွာရှိပါသည်။ သို့ရာတွင် ဖြေကြားသူများသည် အလွတ်သဘောလှုပ်ရှားနေသည့် ကွန်ရက်များသည် ရပ်ရွာဒေသအဆင့် တွင် ပိုမိုအရေးပါလာသည်ကို မှတ်ချက်ပြုခဲ့ကြပါသည်။ "ဒီအချိန်မှာ NGO တွေတောင် အပြင်လူတွေမျိုးဖြစ် နေ" ပြီး အောက်ခြေဒေသခံအဖွဲ့အစည်းများသည် တခါတရံတွင် စစ်အစိုးရ၏ စောင့်ကြည့်မှု ယန္တရားစနစ်ကို ရှောင်လွှဲနိုင်သည့် အကောင်းဆုံးအနေအထားတွင် ရှိနေကြပါသည်။ ယင်းတို့သည် ရှိနေပြီးသော သိက္ခမ်း မှုများအပေါ်အခြေခံပြီး နစက၏ အာဏာသက်ရောက်မှုရှိနေသော်လည်း နိုင်ငံရေးလှုပ်ရှားမှုများ ဆက်ရှိနေ သော ဒေသများတွင် တိတ်တဆိတ် လှုပ်ရှားဆောင်ရွက်နိုင်ကြသည်။[၁၁]

၆ Brief 5: Gaining Ground: Local Administration by Resistance Actors in Myanmar (21 January, 2022) အားရှုရန်
၇ KII
၈ KII
၉ KII
၁၀ KII
၁၁ KII

အာဏာလုယူမှုဖြစ်စဉ်နောက်ပိုင်းတွင် မြန်မာပြည်၌ ယုံကြည်မှုများပျက်ယွင်းသွားပြီး အများပြည်သူပြောဆိုလှုပ်ရှားနိုင်သည့် ရပ်ဝန်းသည် မြေအောက်သို့ရောက်သွားပေသည်။ ထို့ကြောင့် ဒီမိုကရေစီရေးလှုပ်ရှားမှုကြီး၏ အတိုင်းအတာကိုနားလည်ဖို့ရန် အရေးကြီးပေသည်။ အထူးသဖြင့် လူထု၏ အရေးတကြီးလိုအပ်ချက်တို့ကို ဖြည့်ဆည်းတုံ့ပြန်ပေးနေပြီး တစ်ဖက်တွင် အန္တရာယ်ပိုမို များပြားလာသည့်ကြားတွင် စစ်တပ်ကိုတွန်းလှန်ခုခံမှု အရှိန်မလျော့သွားအောင် ဆက်ထိန်းပြီးလုပ်နေသော မည်သူတို့ကို ထောက်ပံ့ကူညီရမည်ကို သိရှိအောင်ကြိုးစားဖို့ လိုအပ်ပေသည်။ တစ်နိုင်ငံလုံးတွင် ပြန့်ကျဲနေသော စစ်အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုများကို အချိတ်အဆက်ညီအောင်ကြိုးစားနေသည့် ဗဟိုဦးစီးယန္တရားများသည် ဗဟိုဦးစီးမှုမရှိသောလှုပ်ရှားမှုများနှင့်အတူ ဒွန်တွဲနေလျက်ရှိသည်။ အထက်ပိုင်းခေါင်းဆောင်များမှ မြန်မာတစ်နိုင်ငံလုံး ညီညွတ်သည့် စစ်အာဏာရှင်ဆန့်ကျင့်ရေးလှုပ်ရှားမှုကို ကြိုးစားဆောင်ရွက်နေစဉ်တွင် စစ်တပ်အား ယခုအချိန်အထိကာလရှည်ကြာစွာ ခုခံတွန်းလှန်နေသော ပြည်သူလူထုအား ကူညီထောက်ပံ့ဖို့ အခွင့်အလမ်းသည် ရပ်ရွာအဆင့်တွင် ပိုမိုရှိလာပါသည်။

## ပူးပေါင်းဆောင်ရွက်မှုနှင့် စည်းလုံးမှုနှစ်ခုအကြား

မြန်မာနိုင်ငံတစ်ဝှမ်းရှိ ဒီမိုကရေစီရေးလှုပ်ရှားသူများအကြား ပူးပေါင်းဆောင်ရွက်မှု၏ ပုံသဏ္ဍာန်နှင့် ရေချိန်သည် ရပ်ဝတ္ထုနှင့် နိုင်ငံရေးအကြောင်းတရားများမှ ပုံဖော်နေလျက်ရှိပါသည်။ အဖွဲ့အစည်းများနှင့် အဆင့်မြင့်နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများတွင် ပါဝင်လျက်ရှိသော စစ်အာဏာရှင်ဆန့်ကျင်ရေး ခေါင်းဆောင်များသည် အတိတ်ကမကျေနပ်ချက်များအပေါ်တွင် မူတည်ပြီး သဘောထားကွဲပြားမှုများ ရှိနေကြောင်း ဖြေကြားသူများမှ ဆွေးနွေးခဲ့ပါသည်။[၃၂] အချို့မှာ NUCC တွင် NLD မှလွှမ်းမိုးနေပြီး ယင်းအဖွဲ့အစည်းတွင် အခြားနိုင်ငံရေးပါတီ အချို့သာပါဝင်ကြောင်း ထောက်ပြကြသည်။ တနည်းအားဖြင့် တဖြည်းဖြည်းတိုးပွားလာသော မယုံကြည်မှုများနှင့် ကျယ်ပြန့်သော စစ်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုကြီးတွင်ပါဝင်သော အဖွဲ့အသီးသီး၏ နိုင်ငံရေးရည်မှန်းချက်များ မသေချာ၊ မရေရာမှုတို့ကြောင့် သဘောထားကွဲလွဲမှု ဆက်လက်ရှိနေဆဲဖြစ်သည်။[၃၃]

ရပ်ရွာဒေသအဆင့်တွင် ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သတ်သော အခက်အခဲများသည် ရပ်ဝတ္ထုဆိုင်ရာအကြောင်းအရာများကြောင့် ပိုအဖြစ်များပေသည်။ လှုပ်ရှားမှုကြီးထံ စီးဝင်နေသောငွေကြေးများနှင့်အရင်းအမြစ်များအား လက်လှမ်းမီမှုများနှင့် ဆက်စပ်လျက်ရှိပါသည်။ PDF အများအပြားသည် အထောက်အပံ့ အရင်းအမြစ်အတွက် ကိုယ်ထူကိုယ်ထ ရှာဖွေကြပြီး ယင်းတို့သည် စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင်အများပြည်သူ၏ လှူဒါန်းငွေများအပေါ် မှီခိုလျက်ရှိပါသည်။ ထိုကဲ့သို့ ဘဏ္ဍာရေးအရ ကိုယ်ထူကိုယ်ထရပ်တည်မှုသည် NUG နှင့် ချိတ်ဆက်ဆောင်ရွက်မှုအပေါ် သက်ရောက်မှုရှိပေသည်။[၃၄] တပြိုင်နက်တည်းတွင်ချင်းပြည်နယ်မှာကဲ့သို့ နိုင်ငံအတွင်းဒေသအချို့၌ PDF အဖွဲ့များအကြား အကွဲကွဲအပြားပြား ဖြစ်နေမှုကြောင့်ပြည်နယ်/တိုင်းအဆင့်တွင် ပိုမိုစုစည်းသောဆောင်ရွက်မှုမျိုးနှင့် NUG နှင့် ပူးပေါင်းဆောင်ရွက်မှုမျိုး လိုအပ်မှုရှိလာပါသည်။[၃၅] PDF နှင့် ERO များသည် အောက်ခြေအဆင့်လှုပ်ရှားမှုအဆင့်တွင် NUG နှင့်အတူ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှု ပိုမိုများပြားလာလျက်ရှိသည်ကို ထောက်ပြပြီး ပြည်ထောင်စုအဆင့်တွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ ဆက်ရှိနေနိုင်သော်လည်း လုပ်ငန်းဖော်ဆောင်လည်ပတ်မှုအဆင့်တွင် ပူးပေါင်းမှု ခက်ခဲနေခြင်းမဟုတ်ကြောင်း ဖြေကြားသူများမှ ထောက်ပြပါသည်။[၃၆] နိုင်ငံရေးသဘောထားကွဲလွဲမှုများနှင့် အရင်းအမြစ်ကန့်သတ်ချက်များ ဆက်လက်တည်ရှိနေသော်လည်း တော်လှန်ရေးအင်အားစုများအကြားပူးပေါင်းဆောင်ရွက်မှု အားကောင်းလာပုံရပါသည်။

---

၃၂ KII
၃၃ KII
၃၄ KII
၃၅ KII
၃၆ KII

ဒီမိုကရေစီရေးလှုပ်ရှားမှု၏ မတူညီသောအဖွဲ့အစည်းများအကြားတွင် ကွဲပြားသော ပူးပေါင်းဆောင်ရွက်မှု ပုံစံများလည်း ရှိပါသည်။ ပြည်ထောင်စုအဆင့်တွင် ညှိနှိုင်းဆောင်ရွက်မှုသည် အနာဂတ်အတွက်ကို ဦးတည် လေ့ရှိပါသည်။ ဆွေးနွေးပွဲအများစုသည် မြန်မာနိုင်ငံ၏ အနာဂတ်အတွက် ဘုံမျှော်မှန်းချက်ကို ဖော်ထုတ် ခြင်းဖြင့် ယုံကြည်မှုတိုးမြင့်လာစေရန် ရည်ရွယ်ပြီး အဆိုပါမျှော်မှန်းချက်ကို လက်တွေ့ အကောင်အထည် ဖော်နိုင်စေရန် ကူညီပေးသည့်မူဝါဒများ ချမှတ်ဖို့ရန်ဖြစ်သည်။ ရပ်ရွာဒေသအဆင့်တွင် ပူးပေါင်းဆောင်ရွက် ပြီး လက်ငင်းကိစ္စရပ်များအတွက်ဖြစ်ပြီး မြင်သာထင်သာရှိသည်။ ယင်းတို့သည် CDM များနှင့် IDP များ အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်းများ၊ စစ်တပ်သို့ အရင်းအနှီးများ စီးဝင်မှုများကို ပိတ်ဆို့ခြင်းနှင့် လက်နက်ကိုင်တော်လှန်ရေးကို ဖော်ဆောင်ခြင်းကဲ့သို့သော ဒီမိုကရေစီရေး လှုပ်ရှားမှု၏ လက်ရှိလိုအပ်ချက်များကို ပံ့ပိုးကူညီခြင်းနှင့် တော်လှန်ရေး ဆက်လက်တည်တံ့စေရန် ပံ့ပိုးပေး ခြင်းအပေါ် ပိုမိုအာရုံထားသည်။ လှုပ်ရှားမှုသည် ဤပူးပေါင်းဆောင်ရွက်မှုပုံစံနှစ်ရပ်ကို မည်ကဲ့သို့ ပေါင်းစပ် လုပ်ဆောင်နိုင်သနည်းကို ဖော်ထုတ်ဖို့ရန် စိန်ခေါ်မှုတစ်ရပ် ရင်ဆိုင်နေရသည်။ ပြည်ထောင်စုအဆင့်တွင် ယုံကြည်မှုတည်ဆောက်ရန် ကြိုးပမ်းမှုများသည် ဒေသအဆင့်တွင် ပိုမိုကောင်းမွန်သော ရပ်ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မည်သို့ ရရှိနိုင်မည်နည်း။ အပြန်အလှန်အားဖြင့် ဒေသအဆင့်ရှိ အဖွဲ့များအကြား ပိုမို ပူးပေါင်းဆောင်ရွက်မှုသည် ပြည်ထောင်စုအဆင့်ရှိ ပိုမိုကျယ်ပြန့်သော နိုင်ငံရေးဆွေးနွေးမှုတွင် ယုံကြည်မှု တည်ဆောက်ရန်၊ အချေအတင်ဆွေးနွေးမှုများနှင့် ဦးစားပေးမှုများကို ပုံဖော်ရန် မည်သို့ကူညီနိုင်မည်နည်း။

စစ်တပ်ကိုဆန့်ကျင်သူများအကြား ပိုမိုစည်းလုံးညီညွတ်မှုရှိလာအောင် ဦးတည်လုပ်ဆောင်နေသော်လည်း မြန်မာနိုင်ငံတစ်ဝှမ်းရှိ ကျယ်ပြန့်သော ဒီမိုကရေစီအင်အားစုများ၏ ဦးစားပေးစဥ်းစားချက်များ ကွာခြားကြ သည်ကို သတိပြုရန် အရေးကြီးပါသည်။ ဒီမိုကရေစီရေးလှုပ်ရှားမှုသည် လက်ရှိကာလ စစ်တပ်၏အာဏာ သက်ရောက်မှု ယိုင်နဲ့နဲ့ရှိနေစဥ် စစ်တပ်ကို ရပ်တန့်သွားအောင်ဆောင်ရွက်မှု ပိုမိုထိရောက်စေရန် အုပ်ချုပ် ရေးဆိုင်ရာ အနာဂတ်စီမံချက်ကို ဦးစွာသဘောတူရန် လိုအပ်ပါသလား။ လူထုက စစ်တပ်ကို အာဏာဖီဆန်မှု နှင့် ငြင်းပယ်မှုများ ဆက်လက်လုပ်ဆောင်နေစေရန်အတွက် ပေါ်ပေါက်လာသော မြေပြင်အဆင့် ပူးပေါင်း ဆောင်ရွက်မှု ပုံစံများကို ဒီမိုကရေစီရေးလှုပ်ရှားမှုသည် ပိုမိုမြှင့်တင်အာရုံစိုက်ရန် လိုအပ်ပါသလား။ လူထု၏အမြင်တွင် လှုပ်ရှားမှု၏တရားဝင်မှုသည် တော်လှန်ရေးရေချိန်ကို မည်မျှပေးဆပ်ရသည်ဖြစ်ပါစေ တတ်နိုင်သမျှအမြန်ဆုံးမြှင့်တင်ရန် နည်းလမ်းများရှာဖွေခြင်းအပေါ်တွင် မူတည်သလား၊ သို့တည်းမဟုတ် အရေးပေါ်လိုအပ်ချက်များကို လျှော့နည်းသက်သာဖို့ရန်နှင့် လူထုမှ ရေရှည်တော်လှန်ရေးလုပ်နိုင်ဖို့ရန် ကူညီပေးခြင်းတို့အပေါ်တွင် ပိုမိုမူတည်နေပါသလား။ ဤမတူညီသော ပူးပေါင်းဆောင်ရွက်မှုပုံစံများနှင့် လှုပ်ရှားမှု၏ နှိုင်းယှဥ်စဥ်းစားချက်များသည် ပြီးခဲ့သောနှစ်တွင် ပေါ်ပေါက်လာသည့် ကန့်သတ်ချက်များကြောင့် မည်သို့သက်ရောက်မှုများရှိသည်ကို ဤအစီရင်ခံစာအကျဉ်းတွင် ဆက်လက်သုံးသပ် တင်ပြထားပါသည်။

# အပိုင်း (၂)

## နစက မှဆောင်ရွက်သည့် ပိတ်ဆို့ကန့်သတ်မှုများ - တိုက်ရိုက် နှင့် သွယ်ဝိုက်

အစီရင်ခံစာ၏ဒုတိယအပိုင်းတွင် ဖေဖော်ဝါရီ (၁) ရက်နေ့မှ စတင်ကာ ဒီမိုကရေစီလှုပ်ရှားမှုအပေါ် ချမှတ်ထားသည့် ကန့်သတ်ချက်များ၏ အမျိုးအစားများကို ခွဲခြားတင်ပြသွားပါမည်။[၁၇] အဓိကအားဖြင့် ကန့်သတ်ချက်အမျိုးအစား နှစ်ခုရှိသည်ကို တွေ့ရပါသည်။ ပထမအမျိုးအစားမှာ နစက နှင့် ယင်း၏ အာဏာယန္တရားတို့မှ တိုက်ရိုက်လုပ်ဆောင်သော ကန့်သတ်ချက်များဖြစ်သည်။ ဒုတိယအမျိုးအစားမှာ နစက ၏ အုပ်ချုပ်မှုအောက်တွင် ဖြစ်ပွားလျက်ရှိသော စီးပွားရေး၊ လူသားချင်းစာနာထောက်ထားမှုအရေး၊ ပြည်သူ့ကျန်းမာရေး နှင့် နိုင်ငံရေး အကျပ်အတည်းများကြောင့် သွယ်ဝိုက်ပြီးပေါ်ပေါက်လာသော အကန့်အသတ်များ ဖြစ်ပါသည်။ တစ်ခုချင်းစီ၏ နမူနာများကို ပြီးပြည့်စုံသည်ဟု မယူဆသင့်သော်လည်း ဤကဲ့သို့အမျိုးအစား ခွဲခြားမှုသည် ဒီမိုကရေစီရေးလှုပ်ရှားမှု၏ နည်းဗျူဟာနှင့် မဟာဗျူဟာများကို လိုက်လျော်ညီထွေပြောင်းလဲရန် တွန်းအားပေးနေသည့် အဓိကနယ်ပယ်များကို လှမ်းခြုံပြီးတင်ပြနိုင်ရန် ရည်ရွယ်ပါသည်။ နစက က လုပ်ဆောင်လျက်ရှိသော မတူညီသည့် ကန့်သတ်မှုအမျိုးအစားများအား တုံ့ပြန်ရာတွင် လှုပ်ရှားမှုများ၏ အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်သူများက မည်သို့ပြောင်းလဲနေသည်ကို နားလည်ဖို့ရန် ယင်းကန့်သတ်မှု အမျိုးအစားများကို တင်ပြထားပါသည်။

## လှုပ်ရှားမှုကိုပစ်မှတ်ထားသော တိုက်ရိုက်ကန့်သတ်မှုများ

နစက သည် လုံခြုံရေးယန္တရားအပြင် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းဆောင်တာများအပေါ် ၎င်း၏ ထိန်းချုပ်မှုကို အသုံးပြုနိုင်ပြီး အတိုင်းအတာတစ်ခုအထိ ဒီမိုကရေစီရေးလှုပ်ရှားမှုနှင့် ပါဝင်လှုပ်ရှားသူများကို တိုက်ရိုက်ပစ်မှတ်ထားနိုင်သည်။ ဤအပိုင်းတွင် နစကမှ ဖြန့်ကျက်ထားသည့် တိုက်ရိုက်ကန့်သတ်မှု အမျိုးအစားများကို တင်ပြထားပါသည်။ ဒီမိုကရေစီရေး လှုပ်ရှားမှုနှင့် ပိုမိုကျယ်ပြန့်သော လူဦးရေအပေါ် အဆိုပါကန့်သတ်ပိတ်ဆို့မှုများမှ ကွဲပြားသော သက်ရောက်မှုများကို ထည့်သွင်း သုံးသပ်ထားပါသည်။

### စောင့်ကြည့်မှုနှင့် သွားလာမှုအားကန့်သတ်မှုများ

နိုင်ငံတဝန်းရှိ အဓိကသတင်းအချက်အလက်ပေးသူများနှင့် တွေ့ဆုံမှုများတွင် ပြီးခဲ့သည့်နှစ်အတွင်း စစ်တပ်၏ စောင့်ကြည့်မှုယန္တရားစနစ် ကြီးထွားလာမှုကို အလေးပေးထောက်ပြခဲ့သည်။ အသိသာဆုံးမှာ ဆက်သွယ်ရေးကဏ္ဍကို စစ်တပ်၏စောင့်ကြည့်နိုင်စွမ်း တိုးမြင့်လာစေရန်အတွက် နည်းပညာများကို အသုံးပြုခြင်းပင် ဖြစ်သည်။[၁၈] တယ်လီနောကုမ္ပဏီ ထွက်ခွာသွားပြီးနောက်တွင် ယင်းစောင့်ကြည့်နိုင်မှု စွမ်းရည်ကို ကြောက်ရွံ့ထိတ်လန့်ခြင်းသည် အမြင့်ဆုံးဖြစ်လာပေသည်။ ဒစ်ဂျစ်တယ်ဆက်သွယ်ရေး၏ အန္တရာယ် ပိုများလာခြင်းသည် မြန်မာနိုင်ငံ၏ နေရာအနှံ့အပြားတွင် လှုပ်ရှားနေသူများ ညှိနှိုင်းဆောင်ရွက်ဖို့ရန် ပိုမိုခက်ခဲစေပြီး ၎င်းစောင့်ကြည့်ခြင်းကို ရုပ်ပိုင်းဆိုင်ရာစောင့်ကြည့်မှုစနစ်နှင့် သွားလာလှုပ်ရှားမှုအပေါ် ကန့်သတ်ချက်များဖြင့် အားဖြည့်ထားပါသည်။ ဖြေကြားသူများ၏ ဘုံတူညီသည့်ခံစားချက်မှာ နစက၏ သတင်းပေးကွန်ရက်များနှင့် စစ်တပ်ထောက်ခံသူအုပ်စုများသည် ပိုမိုအားကောင်းလာသည်ဟူ၍ ဖြစ်ပါသည်။ ယင်းကြောင့် ဒီမိုကရေစီရေးလှုပ်ရှားသူ နှင့် အဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်းဖို့ရန် ခက်ခဲလာပါသည်။[၁၉] လွန်ခဲ့သည့်အပတ်များတွင် NLD ပါတီဝင်များကို လုပ်ကြံသတ်ဖြတ်လျက်ရှိသည့် စစ်တပ်ထောက်ခံသူ လက်နက်ကိုင်အဖွဲ့အစည်းများ အားကောင်းလာခြင်းသည် အထက်ဖော်ပြပါအချက်ကို ပိုမိုထင်ရှားစေပါသည်။[၂၀]

---

၁၇ အချို့သော သုတေသနများသည် အရပ်ဘက်အဖွဲ့အစည်းများတွင် လှုပ်ရှားဆောင်ရွက်သူများမှ ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို သုံးသပ်တင်ပြထားသော်လည်း ဒီမိုကရေစီရေးလှုပ်ရှားမှုတစ်ခုလုံးအပေါ် သက်ရောက်မှုရှိနေသော အာဏာသိမ်းပြီးနောက် ကန့်သတ်ချုပ်ချယ်မှု အမျိုးမျိုးကို တင်ပြထားသည့် သုတေသနမျိုး မရှိသေးသည်ကို တွေ့ရသည်။

၁၈ https://www.reuters.com/world/asia-pacific/how-myanmars-military-moved-telecoms-sector-spy-citizens-2021-05-18/; https://theintercept.com/2021/06/14/myanmar-msab-eu-technology-regulation/ ကိုရှုရန်

၁၉ KII

၂၀ https://www.irrawaddy.com/news/burma/myanmar-nld-members-relatives-live-in-fear-of-attack-by-pro-junta-terror-group.html

စောင့်ကြည့်မှုများသည် ဘဏ္ဍာရေးကဏ္ဍတွင် အထူးသဖြင့်ပြင်းထန်သည်ဟု အရပ်ဘက်အဖွဲ့အစည်းများ မှ မှတ်ချက်ပြုကြပြီး ငွေလွှဲပြောင်းမှုများအားလုံးသည် ဒီမိုကရေစီရေး လှုပ်ရှားမှုနှင့် ဆက်နွယ်နေမှုအတွက် အာဏာပိုင်များ စိစစ်ခံရနိုင်သည့် အန္တရာယ်ရှိသည်ဟု ယူဆကြသည်။ ကြောက်ရွံ့မှုများဖြစ်လာစေရန်နှင့် လှုပ်ရှားမှုများကို တားဆီးရန် ရည်ရွယ်သော နစက ၏ စောင့်ကြည့်ရေးစနစ်သည် ရုပ်ပိုင်းဆိုင်ရာ သွားလာ လှုပ်ရှားမှုကို စောင့်ကြည့်ခြင်းတွင်လည်း ထင်ရှားပါသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စစ်ဆေးရေးဂိတ်များ တွင် မသင်္ကာဟုယူဆရသည့် စာရွက်စာတမ်းများကို သိမ်းဆည်းမှုများရှိပြီး ဖုန်းများနှင့် အခြားအီလက်ထရော နစ်ပစ္စည်းများကိုလည်း စစ်ဆေးမှုများရှိသည်။ နစက သည် ဒီမိုကရေစီရေးလှုပ်ရှားသူများ၏ ဒစ်ဂျစ်တယ် လောက၊ ငွေကြေးလွှဲပြောင်းမှုများနှင့် ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုများအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် စောင့် ကြည့်နိုင်ခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လှုပ်ရှားမှုအားလုံးနီးပါးတွင် သိသာထင်ရှားသောအန္တရာယ်များ ရှိသည်ဟု ယူဆချက်ရှိနေပါသည်။

ယခုအခါတွင် ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်အချို့အား နိုင်ငံတွင်းမှထွက်ခွာခွင့် ပိတ်ပင်ထားကြောင်း သိ ရသည်။[၂၁] စစ်တပ်၏ ကန့်သတ်ချက်များသည် ပြည်သူတစ်ရပ်လုံးအပေါ် သက်ရောက်မှုရှိစေရုံသာမကဘဲ ကျယ်ပြန့်သော လူအများအပြားသည် စစ်တပ်၏ ကန့်သတ်ချက်များ၏ ပစ်မှတ်ဖြစ်လာနေပါသည်။ စစ်တပ် သည် တော်လှန်ရေးလုပ်နေသူများနှင့် ပိုမိုကျယ်ပြန့်သော လူထုအကြား ခွဲခြားနိုင်ခြင်းမရှိပုံပေါ်ပြီး ထိုကဲ့သို့ သော ကျယ်ပြန့်သည့် ဖိနှိပ်မှုစနစ်ကို အသက်သွင်းဖို့ရန် တိုက်ရိုက်နှင့် သွယ်ဝိုက်သောကုန်ကျစရိတ်များ ဆက်လက် တိုးမြင့်လာလျက်ရှိနေပါသည်။

## ဘဏ္ဍာရေးစနစ်အားလက်လှမ်းမီမှု အကန့်အသတ်ရှိခြင်း

စီးပွားရေးတွင် ကျပ်ငွေပြတ်လပ်မှု ဆက်တိုက်ဖြစ်ပေါ်နေသဖြင့် ငွေသားထုတ်ယူမှုကန့်သတ်မှုများ ဆက်လက်ရှိနေပါသည်။ ယင်းကြောင့် ပြီးခဲ့သည့်နှစ်တွင် ငွေသားရယူဖို့ရန် ပြင်ပမှောင်ခိုဈေးကွက် ပေါ်ပေါက် လာခဲ့ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က တစ်နှစ်ကျော်ကြာ ငွေထုတ်ကန့်သတ်မှုများ ပြုလုပ်ပြီးနောက် ပုဂ္ဂလိကဘဏ်အများစုသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်ထားသည့် ကန့်သတ်ချက်များထက် ပိုမိုတင်းကျပ်နေဆဲဖြစ်ပါသည်။ ယခင်နှစ်အတွင်း ငွေသားရရှိဖို့ရန် ပေးရသောအခကြေးငွေသည် တစ်ဆယ် ရာခိုင်နှုန်းကျော်ဝန်းကျင်တွင် ရှိနေခဲ့ပါသည်။ ယခုအခါ ဤအခကြေးငွေများမှာ လျော့နည်းသွားသော်လည်း ကျန်ရှိနေပါသေးသည်။[၂၂]

အိမ်ထောင်စုများစွာသည် မြန်မာနိုင်ငံတွင်းမှ ၎င်းတို့၏ပိုင်ဆိုင်မှုများ အခြားတစ်နေရာသို့ ရွှေ့ပြောင်းဖို့ရန် ဆက်လက်ကြိုးပမ်းလျက်ရှိသောကြောင့် ပေါ်ပေါက်လျက်ရှိသော နိုင်ငံခြားငွေ လိုအပ်ချက်ကြောင့် အခြား အရပ်ဘက်အဖွဲ့အစည်းများနှင့် ဒီမိုကရေစီရေးကွန်ရက်များသည် ၎င်းတို့နိုင်ငံအတွင်းသို့ ယူဆောင်လာသည့် နိုင်ငံခြားငွေကို ကျပ်ငွေစုဆောင်းထားသူများမှ ပြည်ပသို့သယ်ထုတ်သွားနိုင်သော နိုင်ငံခြားငွေသို့ လဲလှယ် လိုသူများနှင့် ငွေလဲလှယ်ခြင်းဖြင့် ကျပ်ငွေကို ရယူသုံးစွဲလျက်ရှိကြပါသည်။[၂၃] ယင်းသည် မြို့ပြများတွင် ကျပ် ငွေအမြောက်အမြားရှာဖွေနေသော ဒီမိုကရေစီရေးလှုပ်ရှားသူများအတွက် ဂယ်ပေါက်တစ်ခုအနေဖြင့် ရှိနေ သော်လည်း ငွေသားထုတ်ယူမှု ကန့်သတ်ချက်များနှင့် ကျပ်ငွေပြတ်လပ်မှုများသည် ကုန်ဈေးနှုန်းမြင့်တက်စေ ခဲ့ပြီး လှုပ်ရှားမှုအတွင်းပါဝင်သူ အများအပြားအတွက် အခက်အခဲဖြစ်စေပါသည်။

ဗဟိုဘဏ်မှ မကြာသေးမီက ထုတ်ပြန်ခဲ့သော နိုင်ငံခြားငွေလဲလှယ်မှုများအား ပိုမိုစိစစ်ရန် ထပ်မံတောင်းဆို ထားသည့် ညွှန်ကြားချက်အရ နစက သည် နိုင်ငံအတွင်းသို့ ငွေမာများယူလာနိုင်ပြီး ကျပ်ငွေအဖြစ် ပြောင်းလဲ

၂၁ https://www.mizzima.com/article/travel-ban-issued-against-27-myanmar-cronies?fbclid=IwAR0qLQKF1GjLEloy2Vn-vYvGSamHXZXpcv9bSt-kWnbArGL6EfCLI1ZljP4M

၂၂ Frontier Myanmar, Myanmar Financial Services Brief, 25 March 2022 ကိုရှုရန်

၂၃ KII

နိုင်နေသူများကို တုံ့ပြန်ဆောင်ရွက်နေပုံရသည်။[၂၄] ဤအစီရင်ခံစာအကျဉ်းအတွက် သုတေသနပြုလုပ်ခဲ့သောသီတင်းပတ်များအတွင်း နစက သည် နိုင်ငံခြားငွေလွှဲပြောင်းမှုများကို ပြင်းထန်စွာ ဖိနှိပ်ထိန်းချုပ်ခဲ့သည်။ ယခုအခါတွင် နိုင်ငံခြားငွေကို မြန်မာကျပ်ငွေသို့ ချက်ခြင်းပြောင်းလဲရန် အမိန့်ထုတ်ပြန်ထားပြီး ၎င်းတို့၏ နိုင်ငံခြားငွေရရှိမှု အစီရင်ခံမှုဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာရန်ပျက်ကွက်ခဲ့သည့် ကုမ္ပဏီအများအပြားကို အရေးယူခဲ့ပါသည်။ ဤမူဝါဒသည် စစ်အစိုးရ၏ နိုင်ငံခြားသုံးငွေ ရရှိဖို့ခက်ခဲနေသည်ကို အဆင်ပြေဖို့ရန် ကြိုးပမ်းမှုတစ်ခုအဖြစ် ပေါ်လွင်ရုံသာမကဘဲ ဒီမိုကရေစီရေးလှုပ်ရှားမှုထဲသို့ ရန်ပုံငွေစီးဆင်းမှုအား ကန့်သတ်ဖို့ရန် ကြိုးပမ်းမှုတစ်ခုလည်း ဖြစ်ပေသည်။ နိုင်ငံခြားငွေစီးဆင်းမှု အားလုံးကို ထိန်းချုပ်ရန် စစ်အစိုးရ၏ အပူတပြင်းကြိုးပမ်းမှုသည် တရားမဝင်ငွေကြေးကဏ္ဍ ကြီးထွားလာဖို့ရန် ဖြစ်လာနိုင်သောကြောင့် စစ်အစိုးရအတွက်ကောင်းမနေပေ။

သမဂ္ဂများမှသည် CDM ပံ့ပိုးပေးသူများအထိ ဒီမိုကရေစီရေးလှုပ်ရှားမှုများနှင့် ဆက်စပ်နေသည်ဟု သံသယရှိသော ငွေစာရင်းအကောင့်များ ကန့်သတ်ခံခဲ့ရပါသည်။[၂၅] ဘဏ်ခွဲများတွင် အပ်ငွေမသွင်းထားသော ငွေစာရင်းအကောင့်များမှ ငွေသားထုတ်ယူရာတွင် ယခုအခါ အပိုစာရွက်စာတမ်းနှင့် ခွင့်ပြုချက် လိုအပ်လာပါသည်။ အပ်ငွေအသစ်ဖြင့် ငွေစာရင်းဖွင့်ထားသူများသည် ပိုမိုလွယ်ကူစွာဖြင့် ငွေများကို ထုတ်ယူသုံးစွဲနိုင်သော်လည်း ယခင်ရှိပြီးသည့် ငွေစာရင်းများတွင် ငွေသားရှိသူများသည် ပြီးခဲ့သည့်နှစ်တွင် ယင်းစုဆောင်းငွေများကို ထုတ်ယူဖို့ရန် အမြဲတစေ အခက်တွေ့နေကြရပါသည်။[၂၆] ဤကဲ့သို့ တင်းကြပ်မှုအားလုံးသည် ဒီမိုကရေစီရေးလှုပ်ရှားသူများသည် ငွေစာရင်းအကောင့်များစွာနှင့် သေးငယ်သော ပမာဏဖြင့် ရန်ပုံငွေများကို ရွှေ့ပြောင်းနေရပေသည်။ ဘဏ္ဍာရေးစနစ်အသုံးပြုမှု ကုန်ကျစရိတ်များသည် ယမန်နှစ်ထက် သိသိသာသာ မြင့်တက်လာသော်လည်း စစ်အစိုးရမှ ယင်းတို့ကိုယ်တိုင်ရင်ဆိုင်နေရသော ဘဏ္ဍာရေးဆိုင်ရာအားနည်းချက်များကို စီမံခန့်ခွဲစဉ်တွင် ဖိနှိပ်ချုပ်ချယ်ရန် ကြိုးပမ်းမှုများမှာ ကုန်ကျစရိတ်များကြောင်း သက်သေပြလျက်ရှိပါသည်။ အဆိုပါ ကြိုးပမ်းမှုများသည် စီးပွားရေးနှင့် စစ်အစိုးရ၏ ကိုယ်ပိုင်ဘဏ္ဍာငွေများ တည်ငြိမ်မှုရှိစေရန် ဆောင်ရွက်မှုမှန်သမျှကို အားနည်းစေပြီး ခုခံတော်လှန်ရေးထဲသို့ ရန်ပုံငွေများစီးဆင်းမှုကို ရပ်တန့်အောင် ထိရောက်စွာ မဆောင်ရွက်နိုင်ပေ။

## ကုန်စည်ပစ္စည်းစီးဆင်းမှုအား ကန့်သတ်ခြင်း

ထိရှလွယ်သောပြည်သူများထံ ကယ်ဆယ်ထောက်ပံ့မှုများ ပေးပို့ရန်အပါအဝင် ကုန်စည်ပစ္စည်းများအား သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်သည် သိသာစွာမြင့်တက်လာပါသည်။ အချို့ဒေသများတွင် လုံးဝ သယ်ယူပို့ဆောင်နိုင်ခွင့် မရှိတော့ပေ။ ပြည်တွင်း အဝေးပြေးဘတ်စ်ကားများနှင့် ကုန်ကားများသည် ဆေးဝါးနှင့် ဆေးပစ္စည်းများ (သို့) အခြားကယ်ဆယ်ထောက်ပံ့မှု ပစ္စည်းများအား သယ်ယူပေးပို့ရန် တွန့်ဆုတ်လာကြပါသည်။[၂၇] လမ်းတွင် တားဆီးစစ်ဆေးမှုများနှင့် စစ်ဆေးရေးဂိတ်များကြောင့် သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်သည် ယေဘူယျအားဖြင့် ပိုမိုမြင့်တက်လာပြီး တခါတရံ သယ်ပူပို့ဆောင်မှုတစ်ခုလုံး ပိတ်ပင်ခြင်းခံရပေသည်။[၂၈] ဒီမိုကရေစီရေး လှုပ်ရှားသူများလိုအပ်သော ကယ်ဆယ်ရေးပစ္စည်းများနှင့် အခြားကုန်ပစ္စည်းများအား သယ်ယူပို့ဆောင်ဖို့ရန် စရိတ်မြင့်တက်စေသော အထက်ဖော်ပြပါအချက်တို့အပြင် မြန်မာနိုင်ငံတဝန်း စက်သုံးဆီဈေးများ သိသိသာသာမြင့်တက်လာသောကြောင့် ကုန်ကျစရိတ် ထပ်လောင်းမြင့်တက်လာပါသည်။ ကူညီကယ်ဆယ်ရေးဆောင်ရွက်နေသူများကို ဖမ်းဆီးဖိနှိပ်ခြင်းသည် မြန်မာနိုင်ငံရှိ အခြားနေရာများတွင် ထိခိုက်လွယ်သော ပြည်သူများကို ကူညီထောက်ပံ့ရန် ရှာဖွေနေသူများအား နောက်ထပ် အဟန့်အတားဖြစ်လာစေသည်။ ကူညီကယ်ဆယ်ရေးဆောင်ရွက်မှုအပေါ် ဖမ်းဆီးဖိနှိပ်မှုအန္တရာယ်ကြောင့် နောက်ဆုံးတွင် ပံ့ပိုးသူ

၂၄ Ibid
၂၅ KII
၂၆ KII
၂၇ KII
၂၈ KII

နှင့် လက်ခံသူ နှစ်ဦးစလုံးအပေါ် အန္တရာယ် မကျရောက်စေရန် ဆောင်ရွက်ရသည့်အလုပ်များ ပိုလာပါသည်။

## သတင်းအချက်အလက်စီးဆင်းမှုနှင့် ဆက်သွယ်ရေးအားကန့်သတ်ခြင်း

အာဏာလုယူပြီး နောင်ပိုင်းလများအတွင်း မိုဘိုင်းအင်တာနက်အသုံးပြုမှုကို လုံးဝပိတ်ပင်ခဲ့မှုနှင့် ညစဉ် အင်တာနက်ပိတ်ဆို့ခဲ့မှုများကြောင့် အင်တာနက်အမြန်နှုန်းနှေးကွေးလာခဲ့ပြီး နိုင်ငံရေးအရ အသုံးပြုနိုင်ခွင့်အား ပိတ်ပင်ပြီး စီးပွားရေးကိစ္စရပ်အတွက်သာ အသုံးပြုနိုင်ရန်ဆိုကာ နစက၏ "whitelist" ပေါ်ထွက်လာပါသည်။[၂၉] ခုခံတော်လှန်ရေးအရှိန်မြင့်တက်နေသည့် ဒေသများတွင် အင်တာနက်ပိတ်ဆို့မှုသည် အဓိက ဖိနှိပ်ရေး လက်နက်တစ်ခုအဖြစ် ဆက်လက်ရှိနေပါသည်။ ဥပမာ လွန်ခဲ့သည့်နှစ်အတွင်း မြို့ပေါင်း (၂၂) မြို့နယ်အထိ ထိုကဲ့သို့အင်တာနက်ပိတ်ဆို့မှု ရင်ဆိုင်ခဲ့ရပါသည်။[၃၀] ယင်းကြောင့် နိုင်ငံအတွင်း အချို့ဒေသများမှသတင်းများကို အခြားဒေသသို့စီးဆင်းမှုအား အဟန့်အတားဖြစ်ပြီး ယင်းနည်းလမ်းသည် ဒီမိုကရေစီရေးလှုပ်ရှားသူအများ အပြားရှိနေသောဒေသတို့ကို နစကမှ ပြင်ပနှင့်အဆက်အသွယ်ဖြတ်ပြီး ပိတ်ဆို့ရန် မဟာဗျူဟာအတွက် လက်နက်တစ်ခုဖြစ်လာပါသည်။

ဆက်သွယ်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေးအတွက် ကုန်ကျစရိတ်နှင့်ဝန်ထုပ်ဝန်ပိုးများလာစေရန် မူဝါဒများကို စစ်တပ်မှ စတင်ချမှတ် ဆောင်ရွက်လာလျက်ရှိပါသည်။ ယင်းမူဝါဒများသည် ပြည်သူတစ်ရပ်လုံးအပေါ် သက်ရောက်မှုရှိပြီး စစ်တပ်အားခုခံတော်လှန်မှုကို မရည်ရွယ်ဘဲ ပိုမိုနက်ရှိုင်းလာနိုင်စေပေသည်။ သို့ရာတွင် ယင်းမူဝါဒများသည် ဒီမိုကရေစီရေးလှုပ်ရှားမှုအား ပိုမိုလျင်မြန်စွာ အင်အားချိနဲ့လာဖို့ရန် ရည်ရွယ်ရေးဆွဲထားခြင်း ဖြစ်ပေသည်။ ယင်းမူဝါဒများတွင် အထင်ရှားဆုံးမှာ မိုဘိုင်းအင်တာနက်အသုံးပြုခ မြင့်တင်လိုက်ခြင်းဖြစ်သည်။ နစကမှ ဆက်သွယ်ရေးကုမ္ပဏီများအပေါ် ဝင်ငွေခွန် သုံးဆတိုးမြှင့်ပြီး နှစ်လအကြာတွင် မိုဘိုင်းအင်တာနက် အသုံးပြုခသည်လည်း နှစ်ဆမြင့်တက်လာပါသည်။ ထို့အပြင် နစက၏ စောင့်ကြည့်မှုစနစ်ကို ရှောင်တိမ်းနိုင်ဖို့ရန် ဒီမိုကရေစီရေးလှုပ်ရှားသူများမှ ဆင်းကတ်များ အမြဲ ပြောင်းလဲသုံးစွဲမှုကို တားဆီးရန်အတွက် ဆင်းကတ်အသစ် စတင်အသုံးပြုခကိုလည်း ချမှတ်ခဲ့ပါသည်။[၃၁] ယခုအခါ နစကသည် ထိုကဲ့သို့ ပိတ်ဆို့တားဆီးမှုများကို အဆုံးစွန်အထိ ပိုမိုဆောင်ရွက်လာပါသည်။ ဆင်းကတ်အသစ် စတင်အသုံးပြုခအပြင် လက်ကိုင်ဖုန်းများကို မှတ်ပုံတင်ရန်လိုအပ်သော မူဝါဒအဆိုပြုချက်နှင့် ပတ်သတ်သည့်သတင်းများ မကြာသေးမီကာလက ထွက်ပေါ်လာပါသည်။ ဤသို့ဖြင့် နစက၏ ဒီမိုကရေစီရေးလှုပ်ရှားသူများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုနှင့် ပိုမိုကြီးထွားလာမှုအား လျှော့ချရန်နှင့် ထိန်းချုပ်ဖို့ရန် ရည်ရွယ်လုပ်ဆောင်မှုများသည် ပြည်သူလူထုအားလုံးအတွက်ပါ စားရိတ်စကများကြီးမြင့်စေပါသည်။

ယင်းပိတ်ဆို့ကန့်သတ်မှုအားလုံးသည် ယခင်ချမှတ်ဆောင်ရွက်ထားမှုများနှင့် ထပ်ပေါင်းပြီး အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် ဒီမိုကရေစီရေးလှုပ်ရှားသူများ ဆောင်ရွက်နေသည့် လုပ်ငန်းများစွာအတွက် လုံးဝ ဆောင်ရွက်ရန်မရတော့သည်အထိ (သို့) အဖွဲ့များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ဖို့ရန် ပိုမိုခက်ခဲလာစေပါသည်။ ဥပမာတစ်ခုမှာ CDM ပါဝင်သူများအား ကူညီထောက်ပံ့လျက်ရှိသော NUG မှဆောင်ရွက်နေသည့် ထိ ဖြစ်ပါသည်။ CDM များအတွက်ထောက်ပံ့မှုကို တစ်နေရာတည်းမှစုစည်းပြီး ဆောင်ရွက်သော စနစ်ထူထောင်ဖို့ရန် ကြိုးပမ်းမှုသည် ဗဟိုချုပ်ကိုင်မှုနည်းသော ကွန်ရက်များစနစ်၏ လိုအပ်မှုကို လျှော့ချပေးနိုင်ခြင်း မရှိပေ။

တကယ်တမ်းတွင် ယင်းကွန်ရက်များမှတစ်ဆင့် အကူအညီများ ဖြန့်ဝေရာတွင် ပိုမိုအာရုံစိုက်ရပြီး ကုန်ကျစရိတ် ပိုများလာပါသည်။ ယခုအခါ မိုဘိုင်းလ်ငွေအေးဂျင့်များသည် ၎င်းတို့ဆီမှ ငွေပေးငွေယူများ

[၂၉] https://graphics.reuters.com/MYANMAR-POLITICS/INTERNET-RESTRICTION/rlgpdbreepo/ ကိုရှုရန်

[၃၀] https://www.myanmar-now.org/en/news/military-cuts-off-internet-connection-in-11-more-townships-in-northwestern-myanmar#:~:text=The%20affected%20townships%20are%20Gangaw,the%20conditions%20in%20the%20region. ကိုရှုရန်

[၃၁] https://www.aljazeera.com/economy/၂၀၂၂/၂/၁၁/myanmars-internet-gets-pricier-for-dissenters-apolitical-alike ကိုရှုရန်

အတွက် တစ်ဦးချင်းအချက်အလက်ကို အာဏာပိုင်များထံ အစီရင်ခံနေရပါသည်။ ထို့အပြင် K-Pay သည် ငွေထုတ်ယူခြင်းကို ၂၄ နာရီအတွင်းပြုလုပ်ရန် သတ်မှတ်ထားသဖြင့် ငွေထုတ်ယူရန်အတွက်ကုဒ်ကို အခြားသူတစ်ဦးမှ အသုံးမပြုနိုင်သောကြောင့် ငွေလွှဲဖို့ရန် ပိုမိုခက်ခဲအောင် ဆောင်ရွက်ထားပါသည်။[၃၂]

CDM ဝန်ထမ်းများအား ရန်ပုံငွေထောက်ပံ့ရန် NUG ၏ ဗဟိုချုပ်ကိုင်မှုယန္တရားသည် ရန်ပုံငွေများရှာဖွေလျက်ရှိပါသည်။ သို့သော် ထိုရန်ပုံငွေများကို ဖြန့်ဝေပေးရာတွင် အခက်အခဲများ တိုးလာလျက်ရှိသည်။ နစက သည် ယခုအချိန်အထိတောင့်ခံပြီး ခုခံတော်လှန်မှုတွင် ပါဝင်နေသူတို့အား ပံ့ပိုးကူညီပေးနေသည့် ယန္တရားများအပေါ် ပြင်းထန်သော ကန့်သတ်ချက်များ ချမှတ်လာပါသည်။ တဖန် ယင်းကန့်သတ်မှုများကြောင့် အချက်အလက်များစွာကို စုဆောင်းဖို့ရန် နစကမှ အရင်းအမြစ်များ ပိုမိုအသုံးပြုလာရပါသည်။ ဒီမိုကရေစီရေး ဆောင်ရွက်နေသူများအား ဟန့်တား၊ နှိမ်နင်းဖို့ရန် နစကသည် ယင်းအချက်အလက်များကို ထိထိရောက်ရောက် အသုံးပြုနိုင်မှု ရှိ၊ မရှိ (သို့) မည်သည့် အတိုင်းအတာအထိ ဟန့်တားနိုင်သနည်းမှာ မေးခွန်းထုတ်စရာ ဖြစ်နေဆဲဖြစ်သည်။

## လှုပ်ရှားမှုအပေါ်သက်ရောက်သော သွယ်ဝိုက်ကန့်သတ်မှုများ

ဤအပိုင်းတွင် နစက၏လုပ်ဆောင်ချက်များသည် မရည်ရွယ်ထားသော်လည်း ဒီမိုကရေစီရေး လှုပ်ရှားမှုအတွက် အဟန့်အတားအသစ်များ ဖြစ်စေသည်။ ယင်းအခက်အခဲများသည် စီးပွားရေး နှင့် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍ ပြိုလဲမှုကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်သည်။

### လူမှုကယ်ဆယ်ရေးလိုအပ်ချက် မြင့်တက်လာခြင်းနှင့် ယင်းအားတုံ့ပြန်နိုင်ရန် အခက်အခဲများ

နစကမှချမှတ်သော သွယ်ဝိုက်ကန့်သတ်မှုများတွင် သက်ရောက်မှုအရှိဆုံးမှာ စီးပွားရေးပြိုလဲမှုနှင့် ပဋိပက္ခများတိုးပွားလာမှုအပေါ် နစကမှတုံ့ပြန်သည့် ပုံစံဖြစ်ပါသည်။ လူမှုကယ်ဆယ်ရေးများအတွက် လိုအပ်မှုမှာ ဆက်လက်တိုးပွားလျက်ရှိပြီး ဒီမိုကရေစီရေး လှုပ်ရှားသူများအပေါ် ဝန်ထုပ်ဝန်ပိုး တိုးလာစေပါသည်။[၃၃] ရှားပါးသောအရင်းအမြစ်များကို နိုင်ငံအတွင်းရှိ အခြားဒေသများအတွက် ခွဲဝေပေးနေရလျက်ရှိပြီး တစ်ဖက်တွင်လည်း လိုအပ်သည့်ရပ်ရွာဒေသများထံသို့ ရောက်အောင်ပို့ဆောင်ရန် ကုန်ကျစရိတ်နှင့် ဘေးအန္တရာယ်မှာလည်း မြင့်တက်လာလျက် ရှိပါသည်။ ပိုမိုဆိုးရွားလာသော လူမှုကယ်ဆယ်ရေးဆိုင်ရာ အကျပ်အတည်းသည် လူထုမှ ဒီမိုကရေစီလှုပ်ရှားမှုအပေါ်မျှော်လင့်ချက်ထားရှိမှုတို့ကို ပြောင်းလဲလာစေဖို့ ဖန်လာပါသည်။ ထို့ပြင် ယင်းအကျယ်အတည်းသည် လှုပ်ရှားမှုအား ဆက်လက်ထောက်ပံ့ရန် နှင့် အာဏာဖီဆန်မှုအား ဆက်လက်လုပ်ဆောင်ရာတွင် လူထုမှ ဘေးအန္တရာယ်နှင့် ကုန်ကျစရိတ်တို့အပေါ် ခံနိုင်ရည်ရှိမှုကိုလည်း ပြောင်းလဲလာစေနိုင်သည့် အနေအထားတွင်ရှိလာသည်။

ထို့ကဲ့သို့ လိုအပ်မှုများလာသော နောက်ခံအနေအထားတွင် လူထုအတွက်ထောက်ပံ့ပေးဖို့ရန် ကုန်ကျစရိတ်မြင့်တင်လာမှုလည်း ရှိပါသည်။ ပေါင်းစပ်ညှိနှိုင်းရေးအတွက် စားရိတ်စက ပိုများလာသည်သာမက နစကမှချမှတ်သော ကန့်သတ်ချက်များကြောင့် အန္တရာယ်လည်းပိုရှိလာပါသည်။ ထို့အပြင် နိုင်ငံအတွင်းသို့ ကုန်ပစ္စည်းများတင်သွင်းဖို့ရန်နှင့် သယ်ယူပို့ဆောင်ဖို့ရန်လည်း ကုန်ကျစရိတ်များ သိသိသာသာ မြင့်မားလာပါသည်။ ယခုအခါ မြန်မာနိုင်ငံတစ်ဝှမ်းရှိ ဒီမိုကရေစီရေးလှုပ်ရှားသူများသည် မိမိတို့၏ ကိုယ်ပိုင်မီးစက်များကို သုံးစွဲလာရသည်၊ စက်သုံးဆီစားရိတ်နှင့် ပို့ဆောင်ရေးစားရိတ်တို့အတွက် ပိုမိုသုံးစွဲလာရသည်၊ လုံခြုံသော VPN ကိုဝယ်ယူရသည်၊ ထို့နောက် အင်တာနက်နှင့် လျှပ်စစ်မီးဖြတ်တောက်ထားသူများထံ လက်လှမ်းမီဖို့ရန် နည်းလမ်းများ ရှာဖွေနေရပါသည်။

---

၃၂ KII.
၃၃ OCHA reporting.

## ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားနည်းလာမှု

ပေါင်းစပ်ညှိနှိုင်းဖို့ရန် ကုန်ကျစရိတ်တိုးပွားလာမှုကြောင့် လှုပ်ရှားမှုအတွင်း မိတ်ဖက်တည်ဆောက်ဖို့ရန် နှင့် ပြင်ပမှအကူအညီများရှာဖွေဖို့ရန် ပိုမိုခက်ခဲလာပါသည်။ ယင်းအခြေအနေကို အရေးကြီးသည့် သတင်း အချက်အလက်ပေးကြားသော တွေ့ဆုံမေးမြန်းမှုများတွင် ထင်ရှားစွာတွေ့ရသည်။ နိုင်ငံတကာရန်ပုံငွေ အများ အပြား ထိန်းသိမ်းခံရခြင်း (သို့) လူမှုကယ်ဆယ်ရေး သီးခြားရည်ရွယ်ချက်အတွက် ပြောင်းလဲသုံးစွဲရသည့် အခါ တွင် အရပ်ဘက်အဖွဲ့အစည်းများအတွက် ရန်ပုံငွေရှာပေးနေသူများမှ ဘဏ္ဍာရေးအရ ထောက်ပံ့ပေးနိုင်သူများ အနည်းအကျဉ်းနှင့်သာ ချိတ်ဆက်နိုင်တော့ကြောင်း ပြောကြားပါသည်။ NUG ၏ ငွေတိုက်စာချုပ်နှင့် ထီစနစ် သည် ရန်ပုံငွေရှာဖွေရေးအတွက် ဗဟိုဦးစီးစနစ် ယန္တရားများအဖြစ် ရှိနေသော်လည်း ရှိနေသည့်ယုံကြည်မှု နှင့် အသိမိတ်ဆွေများအပေါ်အခြေခံထားသော ထောက်ပံ့ရေးကွန်ရက်များသည် ဆက်လက် မလည်ပတ်နိုင် တော့ပေ။ ရန်ပုံငွေရှာသူများသည် လစဉ်အလှူငွေများအတွက် မိမိတို့ယုံကြည်ရသော အသိမိတ်ဆွေများကို အားကိုးကြသည်။ ဒီမိုကရေစီရေး လှုပ်ရှားသူများအတွက် ရန်ပုံငွေပိုမိုရရှိရန် ၎င်းတို့၏ အသိမိတ်ဆွေကွန်ရက် ထဲတွင် လက်ဝတ်ရတနာများကဲ့သို့သော အဖိုးတန်ပစ္စည်းများကို ပေးလှူဖို့အထိ တောင်းခံကြသည်။ ထို ကဲ့သို့ အလှူခံမှုများသည် တစ်ဦးတစ်ယောက်၏ ယုံကြည်စိတ်ချရသော အသိမိတ်ဆွေကွန်ရက်တွင်သာ ပြုလုပ်လေ့ရှိသည်။

ဘဏ္ဍာရေးအရ ပူးပေါင်းဆောင်ရွက်ဖို့ရန်အခြေအနေများ ခက်ခဲလာမှုအပြင် လူတစ်ယောက်မှ မိမိ၏ ဘေး ပတ်ဝန်းကျင်အသိုင်းအဝန်းထက် ကျော်လွန်သောသူများနှင့် ထိတွေ့ဆက်ဆံဖို့ရန်အတွက် အခက်အခဲ အတားအဆီးများလည်း ပေါ်ပေါက်လာပါသည်။ ဥပမာအားဖြင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ တိုး လာခြင်း၊ အင်တာနက် ကန့်သတ်ချက်များအပြင် နိုင်ငံအတွင်း အချို့ဒေသများတွင် အင်တာနက်ဖြတ်တောက် ထားခြင်း နှင့် နစကမှ ထိန်းချုပ်ထားသော လုံခြုံရေးတပ်ဖွဲ့များမှလည်းကောင်း၊ ပြည်သူ့ကျန်းမာရေး အာဏာပိုင်များမှ ကိုဗစ်အကြောင်းပြ၍ လည်းကောင်း၊ တော်လှန်ရေးတွင် ပါဝင်နေသော နိုင်ငံအတွင်းရှိ အခြားလက်နက်ကိုင်များမှလည်းကောင်း ချမှတ်လာသည့် ရပ်ပိုင်းဆိုင်ရာ ရွှေ့လျားသွားလာမှုနှင့်ဆိုင်သော ကန့်သတ်ချက်များ စသည်တို့ ပါဝင်ပါသည်။ နိုင်ငံရေးအဖွဲ့အစည်းများမှ ပြည်ထောင်စုတစ်ဝှမ်းရှိ အဖွဲ့များ ကိုစုစည်းပြီး ညွှန့်ပေါင်းအတိုက်အခံတစ်ခု ဖြစ်လာစေရန်ဆောင်ရွက်နေစဉ်တွင် ဘဏ္ဍာရေးဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေး (နှင့် ဒီမိုကရေစီရေးလှုပ်ရှားမှုတစ်ခုလုံးတွင် ငွေကြေးဆိုင်ရာ ချိတ်ဆက်မှုများ ရှိလာဖို့ အခြေခံအုတ်မြစ် ဖြစ်နိုင်ခြေရှိသော လူမှုဆက်ဆံရေးနှင့် ယုံကြည်မှုတည်ဆောက်ခြင်းအတွက်) အခွင့်အလမ်း များသည် တဖြည်းဖြည်း လျော့နည်းလာလျက်ရှိသည်။

## အလှူရှင်အဖွဲ့အစည်းများမှ တုံ့ပြန်မှုသည် ထိရောက်မှုမရှိဟုခံစားရခြင်း - ယင်းသည် လှုပ်ရှားမှုအတွက် ကန့်သတ်ချက် နောက်ထပ်တစ်ခုလော

တရားဝင်အရပ်ဘက်အဖွဲ့အစည်းအများစုသည် ပြီးခဲ့သည့်ဆယ်စုနှစ်များအတွင်း နိုင်ငံတကာ အသိုက်အဝန်းနှင့် နီးကပ်သောဆက်ဆံရေးကို ရရှိခဲ့ကြသည်။ နိုင်ငံတကာရန်ပုံငွေပံ့ပိုးမှုဖြင့် နိုင်ငံတဝှမ်း ပျံ့နှံ့နေသော အရပ်ဘက်လူမှုအဖွဲ့အစည်းကွန်ရက်များသည် ပြည်သူများအတွက် ပံ့ပိုးကူညီဆောင်ရွက်မှုများဖြင့် နိုင်ငံတော်အစိုးရကို ထိန်းညှိပေးသည့် အင်အားစုတစ်ခုအဖြစ် တည်ရှိခဲ့သည်။ ယခုအချိန်တွင် နိုင်ငံတကာ အသိုင်းအဝိုင်းမှ မြန်မာပြည်သူများအတွက် လာရောက်ကူညီမှုမရှိကြောင်း ဒီမိုကရေစီ အင်အားစုများ ကြားထဲတွင် သဘောထားများ ရှိလာနေပါသည်။ အချို့သော အလှူရှင်အဖွဲ့အစည်းများသည် အန္တရာယ်နည်းသော လုပ်ငန်းများအတွက် စီမံကိန်းများကို ပြန်လည်ရေးဆွဲခဲ့ကြသည်ဟု အရပ်ဘက် အဖွဲ့အစည်းများမှ မှတ်ချက်ပြုကြပြီး အချို့မှာမူ နိုင်ငံတကာအဖွဲ့အစည်းများသည် နကစ နှင့်တွဲပြီး လုပ်ဆောင်နေမည်ကို စိုးရိမ်သောကြောင့် အလှူရှင်များနှင့် ပူးပေါင်းရန် ချီတုံချတုံ ဖြစ်နေကြကြောင်း သိရသည်။ ဥပမာအားဖြင့် နိုင်ငံတကာအဖွဲ့အစည်းများသည် ကိုဗစ်ကာကွယ်ဆေးကဲ့သို့သော လူသားချင်းစာနာမှု အကူအညီ ပုံစံအချို့ကို ပံ့ပိုးပေးနေသည့် နစက နှင့် ပလဲနံပသင့်သော အဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်နေသည့် ကိစ္စမျိုးဖြစ်သည်။

မြန်မာနိုင်ငံကို ကူညီပံ့ပိုးပေးနေသည့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းသည် အရပ်ဘက်အဖွဲ့အစည်းများနှင့် ဒီမိုကရေစီရေးလှုပ်ရှားသူများအတွက် ပိုမိုခက်ခဲစေကြောင်း အခြားသတင်းအချက်အလက် ပေးသူများက မှတ်ချက်ပြုသည်။ ဥပမာအားဖြင့် လူသားချင်း စာနာထောက်ထားမှု လိုအပ်ချက်ကို တုံ့ပြန်ရန်အတွက် အရပ်ဘက်အဖွဲ့အစည်းများသည် မြေပြင်တွင် များပြားလာသော အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သော်လည်း နိုင်ငံတကာ ရန်ပုံငွေပံ့ပိုးသူများ၏ မတူညီသော တောင်းဆိုချက်အမျိုးမျိုးကို ဖြည့်ဆည်းဖို့ရန်လည်း တဖက်တွင် လိုအပ်ပါသည်။ နိုင်ငံတကာ ရန်ပုံငွေပံ့ပိုးသူအချို့သည် ၎င်းတို့ပံ့ပိုးပေးသည့်ပုံစံကို လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲခဲ့သော်လည်း နိုင်ငံတကာရန်ပုံငွေအတွက် ယေဘူယျ အခင်းအကျင်းအပေါ် နိုင်ငံတွင်းရှိအဖွဲ့များမှ စိတ်ပျက်လျက်ရှိကြပါသည်။ ဒီမိုကရေစီရေးလှုပ်ရှားမှု၏ အစိတ်အပိုင်းများစွာသည် ဝန်ထုပ်ဝန်ပိုး အသစ်များစွာကို ထမ်းနေရလျက်ရှိပါသည်။ ဥပမာ နိုင်ငံတွင်းသို့ ရန်ပုံငွေများ ယူဆောင်လာဖို့ရန်အတွက် ကြီးမားသောရှုပ်ထွေးမှုများကို ကိုင်တွယ်ဖြေရှင်းနေရခြင်း၊ မြန်မာနိုင်ငံသို့ရောက်သည်နှင့် ၎င်းတို့ကို ထိထိရောက်ရောက် သုံးစွဲနိုင်အောင် ဆောင်ရွက်ရခြင်း စသည်တို့ဖြစ်သည်။ နိုင်ငံတကာ၏ ပံ့ပိုးကူညီမှုသည် လှုပ်ရှားမှုအပေါ် တောင်းဆိုမှုများစွာ ရှိနေသော်လည်း မကြာခဏဆိုသလို အကျိုးအမြတ် အနည်းအငယ်သာ ပေးသည်ဟူ၍ အမြင်ရှိနေကြသည်။

# အပိုင်း (၃)

## ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ အကန့်အသတ်များ - လှုပ်ရှားမှု၏ လိုက်လျောညီထွေ ပြောင်းလဲမှုနှင့် ခံနိုင်ရည်ရှိမှုအပိုင်းတွင် ပေါ်ပေါက်လာသောပုံစံများ

ယမန်နှစ်အတွင်း ဒီမိုကရေစီရေးလှုပ်ရှားမှုမှ အခြေအနေများနှင့် လိုက်လျောညီထွေရှိအောင် ပြောင်းလဲမှုသည် နိုင်ငံတဝန်းရှိဒေသအလိုက် ကွဲပြားမှုများစွာရှိပါသည်။ ဤအခန်းတွင် ကျွန်ုပ်တို့သည် လှုပ်ရှားမှုအပေါ် ချမှတ်ထားသော ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ ကန့်သတ်ချက်များကို တုံ့ပြန်ရန်အတွက် လိုက်လျောညီထွေ ပြောင်းလဲမှုအချို့ကို တင်ပြထားပါသည်။ ယင်းတုံ့ပြန်မှုများမှတဆင့် လှုပ်ရှားမှု၏ အားသာချက်နှင့် အားနည်းချက်များကို တွေ့နိုင်ပေသည်။ ယင်းသည် ပြီးပြည့်စုံသောသုံးသပ်မှုတစ်ခု မဟုတ်သော်လည်း အောက်တွင် တင်ပြဆွေးနွေးသွားမည့် လက်ရှိဖြစ်ပေါ်နေသော လားရာပုံစံများမှတဆင့် လှုပ်ရှားမှု၏ ရေရှည်ဆောင်ရွက်နိုင်မှုကို သုံးသပ်ဖို့ရန်အတွက် အထောက်အကူဖြစ်စေပါသည်။ ထို့အပြင် ယမန်နှစ်အတွင်း လိုက်လျောညီထွေရှိအောင် ပြောင်းလဲမှုတို့သည် ဒီမိုကရေစီရေးလှုပ်ရှားသူများ၏ တရားဝင်မှုနှင့် စစ်တပ်အား နိုင်ငံရေးမှဖယ်ရှားဖို့ရန် ယင်းတို့၏ တဖြည်းဖြည်းပြောင်းလဲလာသော ချဉ်းကပ်မှုပုံစံများနှင့် စပ်လျဉ်းပြီး သိမြင်နိုင်ပေသည်။

## တစ်ဆစ်ချိုးအကွေ့လော? PDF များထံ ဘဏ္ဍာရေးထောက်ပံ့လာမှု

အကြမ်းမဖက်အာဏာဖီဆန်ရေး(CDM) လှုပ်ရှားမှုသည် အာဏာလုယူမှုဖြစ်စဉ် နောက်ပိုင်းလများတွင် အရေးကြီးဆုံးသော လှုပ်ရှားမှုကြီးတစ်ရပ် ဖြစ်လာပေသည်။ ၂၀၂၁ ဩဂုတ်လမှစပြီး NUG အစိုးရသည် ယင်း၏ ပထမဦးဆုံး ဗဟိုဦးစီးဘဏ္ဍာရန်ပုံငွေ ရှာဖွေမှုနည်းလမ်းဖြစ်သည့် “အောင်လံလွှင့်ချီ နွေဦးထီ”ကို စတင်မိတ်ဆက်ခဲ့ပါသည်။ ယင်းထီမှရရှိသော ရန်ပုံငွေများသည် CDM အားထောက်ပံ့ရန် နှင့် ရေရှည်တည်တံ့ဖို့ရန်အတွက် ဖြစ်ပေသည်။ ထို ထီမစတင်မီကတည်းက ဗဟိုချုပ်ကိုင်မှုနည်းသောကွန်ရက်များနှင့် အွန်လိုင်းမှတဆင့် ရန်ပုံငွေရှာဖွေရေးအဖွဲ့များစွာသည် ရန်ပုံငွေရှာဖွေခြင်းနှင့် ရရှိလာသည်တို့ကို CDM သမားများထံ ကူညီပေးခြင်းတို့ကို ပြုလုပ်လျက်ရှိပါသည်။ သပိတ်မှောက်ပြည်သူ့ဝန်ထမ်းများကို တိတ်တဆိတ် အကူအညီပေးဖို့ရန် ယင်းစနစ်သည် ရှိနေပြီးသော မိမိတို့၏အသိအကျွမ်းများမှ စတင်ပေါ်ပေါက်လာခဲ့သည်။ ရာထူးကြီးသည့် CDM အရာရှိကြီးများသည် မိမိတို့၏သက်ဆိုင်ရာဌာနမှ CDM များအား အကူအညီရရှိစေရန် ပြန်လည်ဖြန့်ဝေပေးခဲ့သည်။ စုဆောင်းငွေအနည်းငယ်သာ ရှိလေ့ရှိသော ရာထူးငယ်ဝန်ထမ်းများသို့ ရန်ပုံငွေပိုမိုချပေးသည့် တရားဝင်သတ်မှတ်ထားသည့် ပုံစံမျိုးမဟုတ်သည့် စနစ်တစ်ခု ပေါ်ထွက်လာပေသည်။ ထို့အပြင် အဖွဲ့ခေါင်းဆောင် တစ်ဦးချင်းစီတွင် CDM များအားထောက်ပံ့မှုကို တစ်ဦးချင်းစီ၏ ငွေကြေးလိုအပ်ချက် အခြေအနေအပေါ်မူတည်ပြီး လိုတိုးပိုလျှော့ ပြုလုပ်နိုင်ကြပါသည်။[၃၄] အာဏာလုယူမှု လပိုင်းအကြာတွင် ပေါ်ပေါက်လာသော ဗဟိုချုပ်ကိုင်မှုနည်းသော ကူညီထောက်ပံ့ပေးရေး ကွန်ရက်များထံသို့ ရန်ပုံငွေ ထပ်ဆောင်းထည့်ပေးနိုင်ဖို့ရန် နွေဦးထီမှ ကြိုးစားလျက်ရှိပါသည်။

လှုပ်ရှားမှု၏ အာဏာဖီဆန်မှုဗျူဟာသည် မိမိကိုယ်ကိုခုခံကာကွယ်ရေးပုံစံသို့ ပြောင်းလဲလာသည့်အခါ CDM ပံ့ပိုးမှုသည် တဆစ်ချိုးပြောင်းလဲလာသည်ဟု တွေ့ဆုံမေးမြန်းမှုများက ထောက်ပြပါသည်။ နွေဦးထီ ပေါ်ပေါက်လာသောအခါ တပိုင်တနိုင်ဆောင်ရွက်ကြသော CDM ကူညီထောက်ပံ့ရေးအဖွဲ့များထံသို့ လှူဒါန်းငွေများ လျော့နည်းလာပါသည်။[၃၅] ခုခံတော်လှန်ရေး၏ ဗျူဟာများပြောင်းလဲလာမှုနှင့် ရင်ဆိုင်နေရသည့် အကန့်အသတ်များကြောင့် CDM များအတွက် ထောက်ပံ့မှုအခြေအနေကို ပိုမိုထိခိုက်လာစေကြောင်း နွေဦးထီမှရသောရန်ပုံငွေများကို ယခုထိတိုင် ဆက်လက်ဖြန့်ဝေပေးနေသော သတင်းအချက်အလက်ပေးသူတစ်ဦးက ထောက်ပြပါသည်။ ပိုမိုကျဆင်းလာသော စီးပွားရေးအခြေအနေကြောင့် အိမ်ထောင်စုများသည် အချင်းချင်း ထောက်ပံ့ကူညီဖို့ရန်နှင့် CDM များအတွက် လှူဒါန်းဖို့ရန် ဝင်ငွေအပို နည်းပါးလာခြင်းကြောင့် CDM အတွက် ရန်ပုံငွေရှာဖွေမှုသည်လည်း လျော့ကျလာပါသည်။ ထို့အပြင် မိမိကိုယ်ကိုခုခံကာကွယ်ရေးမှုသို့ ပိုမိုအလေးပေးလာသည့်အခါ နည်းပါးလာသော ရန်ပုံငွေအများစုသည် PDF များအတွက် စီးဆင်းခွဲဝေစေခြင်း၊ နွေဦးထီအစား NUG ငွေတိုက်စာချုပ်မှတဆင့် (လူမှုကယ်ဆယ်ရေးလုပ်ငန်းများသာမက ကာကွယ်ရေးအတွက်ပါပံ့ပိုးနေ)

၃၄ KII
၃၅ KII

ရန်ပုံငွေသို့ စီးဆင်းခွဲဝေစေခြင်းတို့ ရှိလာသည်။ ယခုအခါ နစကမှ ပိုမိုစောင့်ကြည့် စစ်ဆေးလာသည့်အတွက် နွေဦးထိမှရသည့်ရန်ပုံငွေများ ခွဲဝေပေးဖို့ရန်လည်း ပိုမိုခက်ခဲလာပါသည်။ ဥပမာအားဖြင့် ယခင်က CDM များ အတွက် တစ်ပတ်လျှင် သိန်း (၃၀) ခန့် စီမံခန့်ခွဲနေရသူသည် ယခုအခါ ယင်းပမာဏ၏ (၂၀) ရာခိုင်နှုန်းခန့်သာ စီမံနိုင်လျက် ရှိပါသည်။ ယင်းရန်ပုံငွေသည် ၎င်းတို့ပံ့ပိုးရန် ရည်ရွယ်ထားသည့် ကွန်ရက်အတွင်း CDM များ၏ (၁၀) ရာခိုင်နှုန်းခန့်ကိုသာ ပံ့ပိုးပေးနိုင်ပါသည်။[၂၆] သို့သော် ယင်းသည် အာဏာဖီဆန်မှု ဆက်လက်ဆောင်ရွက် နေမှုကို ဟန့်တားနိုင်ခြင်းမရှိပါ။ သပိတ်ခေါင်းဆောင်တစ်ဦးသည် PDF များအဖြစ် ပါဝင်နေသူများ စွန့်စား ရင်ဆိုင် နေရသည့် အန္တရာယ်နှင့် နှိုင်းယှဉ်ကာ "ကျွန်တော်တို့က ဘာတွေမို့လို့ ခုခံတော်လှန်မှုကို ရပ်လိုက်ရ မှာလဲ" ဟူ၍ နှိုင်းယှဉ်ပြပါသည်။

ရန်ပုံငွေစီးဆင်းမှု ပြောင်းလာခြင်းသည် လူထု၏ ဒီမိုကရေစီရေးလှုပ်ရှားအမှုအပေါ် ထားရှိသောမျှော်လင့်ချက် များ ပြောင်းလဲလာမှုကိုလည်း အနည်းငယ် လှစ်ဟပ်ပြသလျက်ရှိပါသည်။ နွေဦးထိမှ ပံ့ပိုးကူညီနေမှုမှ PDF များကိုကူညီထောက်ပံ့နေသော နယ်မြေခံကွန်ရက်များထံသို့ ပံ့ပိုးကူညီလာမှုသည် ရှားပါးလာသော အရင်းအမြစ်များနှင့် ငွေကြေးစီးဆင်းမှုကို အပြင်းအထန်ကန့်သတ်ထားသည့် အခြေအနေတွင် လုပ်ဆောင် နေရသည့် လှုပ်ရှားမှုတစ်ခုတွင် လက်နက်ကိုင်တော်လှန်ရေးသည်သာ ပြောင်းလဲဖို့ရန် ဖြစ်နိုင်ခြေအရှိဆုံး လမ်းကြောင်းတစ်ခုအဖြစ် လူအများကရှုမြင်လာသည့် အရိပ်အယောင်ဟူ၍ မြင်နိုင်ပေသည်။ သို့ရာတွင်ယင်း အရွေ့သည် လှုပ်ရှားမှု၏ဗျူဟာသော်လည်းကောင်း၊ လူထု၏မျှော်မှန်းချက်များသော်လည်းကောင်း အခြေခံ မှစပြီး ပြောင်းလဲသွားမှုကို ပြသနေသည်ဟု မယူနိုင်ပေ။ အိမ်ထောင်စုများတွင် ငွေပိုနည်းလာသည်နှင့်အမျှ ပြည်ပရောက်မြန်မာများသည် ပိုမိုအရေးပါသော ကူညီထောက်ပံ့ရေး အရင်းအမြစ်ဖြစ်လာပြီး ဦးစားပေးလည်း ဖြစ်လာပေသည်။ ကန့်သတ်မှုအသစ်များနှင့် စောင့်ကြည့်စစ်ဆေးမှုအသစ်များ ပေါ်ထွက်လာသည့်အခါတွင် မိမိ၏ နီးစပ်ရာအသိအကျွမ်းများမှတဆင့် (သို့မဟုတ်) တပိုင်တနိုင်ကွန်ရက်များမှတဆင့် လှူဒါန်းခြင်းသည် ဗဟိုဦးစီး ရန်ပုံငွေရှာဖွေရေးနည်းလမ်းများထက် ပိုပြီးလွယ်ကူလာပေသည်။ ထို့အပြင် GoFundMe ငွေစာရင်း အား ဆိုင်းငံ့ထားမှုအပြင် NUG ၏ ငွေတိုက်စာချုပ်များကို ဝယ်ယူ၍မရသောကြောင့် အချို့မှာ နယ်မြေခံ ကွန်ရက်များကို တိုက်ရိုက်လှူဒါန်းခြင်းကို ပို၍ လိုလားလာကြသည်။[၂၇] အချုပ်အားဖြင့်ဆိုသော် CDM ပံ့ပိုးမှုကို အာရုံစိုက်ခြင်းမှ ရွေ့သွားခြင်းသည် ပြည်သူလူထုမှ ဒီမိုကရေစီရေးလှုပ်ရှားသူများအား ဆက်လက်ပံ့ပိုးကူညီ ရင်း လူထု၏ ရည်မှန်းချက်ပန်းတိုင်များကို ညွှန်ပြမှုအချို့ရှိပါသည်။ သို့ရာတွင် တဖက်တွင်လည်း ယင်းအချက် သည် မည်သူတို့က ထောက်ပံ့ကူညီမှု ဆက်လက်ဆောင်ရွက်နေပြီး နစကမှချမှတ်ထားသည့် ကန့်သတ်မှုများ အကြား အကောင်းဆုံး မည်သို့ဆောင်ရွက်နေသည်ကိုလည်း ပြသလျက်ရှိပါသည်။

## ဘဏ္ဍာငွေရှာဖွေရေးနှင့် တရားဝင်ဖြစ်မှု

အရေးကြီးသည့်မေးခွန်းတစ်ခုမှာ တရားဝင်သောအဖွဲ့အစည်းများဟူ၍ အများက သတ်မှတ်ကြသော်လည်း နိုင်ငံတော်အစိုးရတစ်ခုအနေဖြင့် လည်ပတ်ဖို့ရန် အကန့်အသတ်ရှိနေသော ဒီမိုကရေစီအရေး ဆောင်ရွက် နေသည့်အာဏာပိုင်များအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာကန့်သတ်ချက်များကို မည်သို့ကိုင်တွယ်ပြီး ပြည်တွင်း တွင် ဘဏ္ဍာရန်ပုံငွေရရှိအောင်ဆောင်ရွက်သွားမည် ဆိုသည့်အချက်ဖြစ်ပေသည်။ အုပ်ချုပ်ရေးအာဏာပိုင်နှင့် နိုင်ငံရေးခေါင်းဆောင်များအကြားတွင် NUG၊ PDF၊ ပအဖများနှင့် အခြားအဖွဲ့များမှ ဘဏ္ဍာရန်ပုံငွေ ရှာဖွေရေး အတွက် ဆုံးဖြတ်ရွေးချယ်မှုတို့သည် လှုပ်ရှားမှုအတွင်းရှိ အဖွဲ့အသီးသီး၏ အခန်းကဏ္ဍနှင့် ယင်းတို့၏မတူညီ သော ယုံကြည်ချက်ခိုင်မာမှုတို့ကို ပြသလျက်ရှိပါသည်။

ငွေတိုက်စာချုပ် နှင့် နွေဦးထိတို့သည် ယင်းအချက်၏ ပဏာမဥပမာနှစ်ခု ဖြစ်ပါသည်။ ယင်းမှာ "အလှူရေစက်

---

၂၆ KII
၂၇ KII

လက်နှင့်မကွာ” ဆိုသည့် မြန်မာ့ယဉ်ကျေးမှုနှင့် NUG အပေါ် အလွှာအသီးသီးရှိလူထုမှ ထောက်ပံ့မှုကို အသုံးချပြီး NUG ၏ ဦးစားပေးများကို အကောင်အထည်ဖော်ဖို့ရန် ဗဟိုဦးစီးသည့် ရန်ပုံငွေစီးဆင်းမှုတစ်ခုကို ဖန်တီးခဲ့ခြင်းဖြစ်ပေသည်။ လွန်ခဲ့သောရက်သတ္တပတ်များအတွင်း NUG သည် စစ်တပ်ပိုင်မြေများကို ရှယ်ယာများအဖြစ် စတင် လေလံတင်ရောင်းချလာပါသည်။ အနာဂတ်တွင် NUG မှထိန်းချုပ်လာနိုင်ပါက ယင်းမြေများကိုရောင်းချပြီး ရလာသည့်အမြတ်များ၏ တစိတ်တပိုင်းကို ရှယ်ယာပိုင်ရှင်များထံ ခွဲဝေပေးမည်ဟူ၍ ကတိကဝတ် ပေးထားပါသည်။[၃၈] NUG မှ စင်ပြိုင်အခွန်စနစ်တစ်ရပ်ကိုလည်း အကောင်အထည်ဖော်ထားပြီး မိမိအသိစိတ်ဓါတ်နှင့် အခွန်ဆောင်ရသော အခွန်စနစ်တစ်ခုအဖြစ် လည်ပတ်လျက်ရှိပါသည်။ NUG ၏ အခွန်ဥပဒေအတိုင်း ကုမ္ပဏီများအနေဖြင့် NUG ၏ငွေစာရင်းများထဲသို့ အခွန်ဆောင်နိုင်ပါသည်။[၃၉] ယင်းကို မြန်မာပြည်သူအများစုမှ မြန်မာနိုင်ငံ၏တရားဝင်အစိုးရအဖြစ် နားလည်မှတ်ယူသည့်အစိုးရထံ အခွန်ထမ်းရန်တာဝန်များကို ဆောင်ရွက်သည်ဟု သတ်မှတ်ကြသည်။ NUG မှ မလိုက်နာသူများကို ပြစ်ဒဏ်ချမှတ်ဖို့ရန် လက်ရှိတွင်အစီအစဉ်မရှိသေးပေ။ သို့ရာတွင် အချို့သော ဒေသခံ PDF များကမူ ဒေသခံများမှ NUG အား အခွန်ထမ်းဆောင်မှု ပျက်ကွက်ခြင်း ရှိ၊ မရှိကို စုံစမ်းစစ်ဆေး စည်းကြပ်သွားမည်ဟူ၍ မကြာသေးမီက ကြေညာခဲ့ပါသည်။[၄၀]

PDF များအတွက် ရန်ပုံငွေရှာဖွေရေး ကူညီပေးနေသူများသည်လည်း ယင်းသို့ရရှိသည့် ရန်ပုံငွေများကို သတိထားပြီး အခွန်အစား အလှူငွေအဖြစ်သာသုံးနှုန်းကြသည်။ အလှူရှင်များကို ယင်းတို့၏ အလှူငွေအတွက် မှတ်တမ်းလွှာများကို ပေးအပ်ခဲ့သည်။[၄၁] PDF တစ်ဖွဲ့ချင်းစီတွင်လည်း ရန်ပုံငွေရှာဖွေရေး အစီအစဉ်သီးခြားရှိကြသည်။ သီးခြားရပ်တည်သော PDF များသည် စီးပွားရေးလုပ်ငန်းများနှင့် ပြည်ပရောက် မြန်မာအသိုင်းအဝိုင်းများ၏ ထောက်ပံ့မှုအပေါ်တွင် မှီခိုရလျက်ရှိကြောင်း ပြောကြသည်။ ထို့အပြင် အချို့သော PDF များသည် တရားမဝင်သယံဇာတများ (ဥပမာ - သစ်လုံးများ) ကိုသိမ်းဆည်းခြင်းဖြင့် နောက်ထပ်ဘဏ္ဍာရန်ပုံငွေ ရလမ်းတစ်ခုကို တည်ထောင်ကြပါသည်။ လိုအပ်မှုများပြားလာပြီး ရန်ပုံငွေအကြပ်အတည်းများတိုးပွားလာလျက်ရှိသည့်အတွက် ယင်း PDF များ (ထို့အပြင် NUG နှင့် ပအဖများ)မှ ရန်ပုံငွေရှာဖွေမှုသည် ပိုမိုအရေးပါလာပြီး လှုပ်ရှားမှု၏တရားဝင်မှုနှင့် ပေါ်ထွက်လာစ စည်လုံးညီညွတ်မှုတို့ကို အားနည်းသွားစေမည့်ဆောင်ရွက်မှုမျိုးကို ရှောင်ကျဉ်ဖို့ရန်၊ သေသေချာချာ ဆုံးဖြတ်ဆောင်ရွက်ဖို့ရန် လိုအပ်လာပါသည်။ ဒီမိုကရေစီရေးလှုပ်ရှားမှု၏ ရန်ပုံငွေရှာဖွေမှုများ အလွန်လျင်မြန်စွာ ပြောင်းလဲနေမှုများနှင့် ယင်းတို့သည် နစက၏ တွန်းအားများကို ရှောင်ရှားပြီး အလိုက်သင့်ပြောင်းလဲမှုများအား အနာဂတ်တွင် ယခုထက်ပိုပြီး သုတေသနဆောင်ရွက်ဖို့ရန် လိုပါသည်။

## နစက နှင့် တော်လှန်ရေးအကြားတွင် လည်ပတ်ဆောင်ရွက်ခြင်း

ဒီမိုကရေစီရေးလှုပ်ရှားမှုအတွင်းရှိ အချို့သောအဖွဲ့အစည်းများ၊ ခေါင်းဆောင်များနှင့် ကွန်ရက်များသည် နစကထိန်းချုပ်ထားသော အစိုးရအဖွဲ့အစည်းများနှင့် ယခုတိုင် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ တိုက်ရိုက်တွန်းလှန်မှုသည် အန္တရာယ်အလွန်များပြားလာလျှင် တော်လှန်ရေးအဖွဲ့များသည် ကိုယ်ယောင်ဖျောက်လာကြပါသည်။ ယင်းတို့၏လုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်ဖို့ရန် နှင့် အာဏာပိုင်များထံမှ ယခုထက်ပိုမိုပြီး စောင့်ကြည့်စစ်ဆေးလာမှုအား ရှောင်ရှားနိုင်ဖို့ရန် အချို့သော အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် နစကအာဏာပိုင်များထံ မှတ်ပုံတင်သက်တမ်းတိုးဖို့ရန် စဉ်းစားလျက်ရှိနေကြသည်။ အဖွဲ့အစည်းများမှ ပြည်နယ်အဆင့်တွင် မှတ်ပုံတင်သက်တမ်းတိုးမည်ဆိုလျှင် ဒေသအဆင့်တွင် ယင်းတို့အား သတိထားပြီးစောင့်ကြည့်

38 https://www.irrawaddy.com/news/burma/myanmar-shadow-govt-to-sell-shares-in-junta-chiefs-residence-for-100-each.html ကိုရှုရန်
၃၉ NUG  ပြည်ထောင်စုအခွန်အကောက်ဥပဒေ
၄၀ https://mizzima.com/article/all-businesses-sagaings-yinmarbin-township-pay-nug-taxes-or-face-consequences ကိုရှုရန်
၄၁ KII

မည်မဟုတ် ဟူ၍ ယုံကြည်ကြပါသည်။ တခါတရံတွင် ကျေးရွာအုပ်ချုပ်ရေးမှူးများသည် အထက်အုပ်ချုပ်ရေးအရာရှိများထံ ခွင့်ပြုချက်မတောင်းယူဘဲ အရပ်ဘက်အဖွဲ့အစည်းများ လုပ်ကိုင်နိုင်အောင် ယင်းတို့၏နယ်မြေမှ ရှောင်ပေးခြင်း (သို့) ယင်းတို့၏နယ်မြေအတွင်း ဆောင်ရွက်ခွင့်ပေးခြင်းများလည်း ရှိပါသည်။ သို့ရာတွင် ထိုကဲ့သို့ဆောင်ရွက်မှုကြောင့် ကွန်ရက်ထဲရှိ အခြားအရပ်ဘက်အဖွဲ့အစည်းများမှ သံသယရှိလာကြပါသည်။[၄၂]

နစကမှ ဝင်ငွေများမရရှိစေရန် အာဏာဖီဆန်မှုကို စဉ်ဆက်မပြတ် ဆောင်ရွက်လာသူတို့သည်လည်း ယင်းတို့၏ဆောင်ရွက်မှုကို ပြန်လည်စဉ်းစားဖို့ရန် တွန်းအားပေးခံရမှုများ ရှိလာပါသည်။ လျှပ်စစ်မီတာနှင့် အခွန်များ ပေးဆောင်ရန် ငြင်းဆိုမှုကြောင့် အဆောက်အဦးအတွင်းနေထိုင်သူများမှာ မေးခွန်းထုတ်ခံရပြီး နစကအာဏာပိုင်များ၏ အာရုံစိုက်မှုကို လက်ယက်ခေါ်သကဲ့သို့ ဖြစ်နေပါသည်။[၄၃] ယင်းသည် ဒီမိုကရေစီရေး လှုပ်ရှားမှုကို ယမန်နှစ်အတွင်း ယင်း၏ခုခံတော်လှန်မှုပုံစံများအား ပြောင်းလဲဖို့ရန် တွန်းအားဖြစ်ခဲ့သော ထင်ရှားသည့် ဥပမာတစ်ခုဖြစ်ပါသည်။

## ဈေးကွက်အားပြောင်းလဲခြင်း

ဒီမိုကရေစီရေးလှုပ်ရှားမှုထံသို့ ရန်ပုံငွေများစီးဝင်မှုသည် ပိုမိုခက်ခဲလာလျက်ရှိသည့်အတွက် လူထုအားထောက်ပံ့ရန်နှင့် ခုခံတော်လှန်မှုကို ဆက်လက်တောင့်ခံထားဖို့ရန် လှုပ်ရှားမှု၏အာဏာပိုင်များသည် နည်းလမ်းအသစ်များဖြင့် ၎င်းတို့၏ အာဏာများကို အသုံးချလာလျက်ရှိပါသည်။ အထင်ရှားဆုံး ဥပမာတစ်ခုမှာ ကယား မှ ဖြစ်ပါသည်။[၄၄] ပြည်နယ်အတွင်းသို့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများဝင်ရောက်မှုကို ပိတ်ဆို့ထားခြင်းနှင့် ပြည်နယ်အတွင်း ပြင်းထန်သော ပဋိပက္ခများသည် လူထု၏ ကူညီကယ်ဆယ်ရေး အခြေအနေအတွက် အလွန်ဆိုးရွားမှုရှိပါသည်။ သို့သော် ကရင်နီတိုင်းရင်းသားများ ကာကွယ်ရေးတပ်ဖွဲ့ (KNDF) နှင့် PDF တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆန်းသစ် တီထွင်သော အုပ်ချုပ်မှုအစီအစဉ်များသည် ပြည်နယ်အတွင်းရှိဒေသများ၏ ဘေးဒုက္ခများကို သက်သာစေရန် ကူညီပေးပါသည်။

ယင်းအာဏာပိုင်အဖွဲ့အစည်းများသည် မြို့နယ်တစ်ခုရှိ ဆန်စက်များနှင့် ဆန်များ တည်ငြိမ်စွာ ထုတ်လုပ်ပေးဖို့ရန် ညှိနှိုင်းခဲ့ပြီး အမြင့်ဆုံးဈေးသတ်မှတ်ကာ ထိုဈေးနှုန်းထက်ပိုရောင်းပါက ဒဏ်ငွေချမှတ်ရန် တာဝန်ရှိသူများက စည်းဝေးဆုံးဖြတ်ခဲ့ကြသည်။ ဆန်စက်များသည် စစ်ပြေးဒုက္ခသည်များနှင့် စားနပ်ရိက္ခာမလုံလောက်မှုအန္တရာယ်ရှိသော ကိုယ်တိုင်စပါးစိုက်ပျိုးသော ဒေသခံအိမ်ထောင်စုများအတွက် ၎င်းတို့၏ ဆန်စက်များကို တစ်ပတ်လျှင်လေးရက်ကြာ လည်ပတ်ဖို့ရန် လိုအပ်ပါသည်။ ဆန်စက်များသည် ဆန်စပါးပြတ်လပ်နေသည့် ပြည်နယ်အတွင်းရှိ ဒေသများသို့ အခြားသုံးရက်အတွင်း အမြင့်ဈေးထက်မကျော်လွန်ဘဲ ရောင်းချနိုင်ပါသည်။ ရပ်ရွာဒေသခံများ၏ စားနပ်ရိက္ခာဖူလုံရေးအတွက် တစ်ပတ်လျှင် လေးရက်ပတ်လုံး ရပ်ရွာစပါးများကို ဆန်စက်များထံ ပို့ဆောင်ပေးကြပြီး ဆန်စက်များမှလည်း ထိုရက်အတွင်း ကြိတ်ခွဲထားသော စပါးများမှ ဘေးထွက်ပစ္စည်းများကို ရယူနိုင်ပေသည်။ ယင်းမှာ မြို့နယ်များအနှံ့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို စီမံခန့်ခွဲဖို့ရန် ဒီမိုကရေစီလိုလားသည့် အာဏာပိုင်များမှ ၎င်းတို့၏ ပေါ်ပေါက်လာသော နယ်မြေထိန်းချုပ်နိုင်မှု (နစက အာဏာပိုင်များ လစ်လပ်သွားသည်နှင့်အမျှ) နှင့် တရားဝင်မှုတို့ကို ပေါင်းစပ်ပြီး စီစဉ်ဆောင်ရွက်သွားသည့် သာဓကတစ်ခုဖြစ်ပါသည်။ ပြည်နယ်အတွင်းရှိ မြို့နယ်များရှိ ဘေးဒုက္ခ ဝန်ထုပ်ဝန်ပိုးများကို အတူတကွထမ်းယူဖို့ရန် အဖွဲ့အစည်းခေါင်းဆောင်များအကြား ညှိနှိုင်းဆောင်ရွက်ခဲ့ကြပါသည်။ ထိုအာဏာပိုင်အဖွဲ့များသည် ပြည်နယ်အတွင်းရှိဒေသတစ်ခု အရင်းအမြစ်များကို အသုံးပြုကာ အနီးပတ်ဝန်းကျင်ရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများကို ထိန်းချုပ်ဖို့ရန်အတွက် ပူးတွဲအုပ်ချုပ်မှုအစီအစဉ်ကို ဖော်ဆောင်ခဲ့ပါသည်။

---

၄၂ KII
၄၃ KII
၄၄ KII

ဒီမိုကရေစီရေးလှုပ်ရှားမှုထံသို့ အရင်းအမြစ် စီးဆင်းမှုမှာ အကန့်အသတ်များရှိနေသော်လည်း မတူညီသော ဒီမိုကရေစီလိုလားသူများမှ ယင်းတို့၏ တရားဝင်မှုနှင့် နစက၏ နယ်မြေစိုးမိုးနိုင်မှု ယုတ်လျော့လာမှု တို့ကို အသုံးချပြီး လူထုအား ထောက်ပံ့ရန်နှင့် ခုခံတော်လှန်မှုကိုဆက်လက်တောင့်ခံနိုင်ရန် နည်းလမ်း အသစ်များ ကိုဖော်ထုတ်ခဲ့ပါသည်။

## လိုအပ်ချက်ဘောင် ကျယ်ပြန့်လာမှု

မြန်မာနိုင်ငံတစ်ဝှမ်းတွင် လိုအပ်မှုများ တိုးပွားလာနေသည့်ကြားတွင် နစက မှ ပိတ်ဆို့မှုများ၏ နောက်ဆက်တွဲအကျိုးဆက်များကို စီမံခန့်ခွဲဖို့ရန် ကြိုးပမ်းလျက်ရှိသော နိုင်ငံအတွင်းရှိဒေသတစ်ခုတွင် စီးပွားရေးအုပ်ချုပ်မှုဆိုင်ရာ ဆန်းသစ်သည့် အစီအစဉ်များ ထွက်ပေါ်လာပါသည်။ အထင်ရှားဆုံး ဥပမာတစ်ခု မှာ ချင်းပြည်နယ်ကျေးလက်ဒေသမှဖြစ်သည်။[၄၅] ချင်းပြည်နယ် ကျေးလက်ဒေသရှိ ပြည်သူများသည် မြို့ပြများ မှ ခိုဝင်လာသောလူအများကို လက်ခံဖို့ရန်လိုအပ်လာပြီး တဖက်တွင် အခြားဒေသများတွင်အလုပ်လုပ်ကိုင် နေသူများမှ ယခင်ကတည်းကမီခိုနေရသည့် ငွေကြေးပြန်လည်ပေးပို့မှု သိသာထင်ရှားစွာကျဆင်းလာမှုကို ရင်ဆိုင်ကြုံတွေ့နေရပါသည်။

ရပ်ရွာများသည် ကိုယ်တိုင် သီးနှံစိုက်ပျိုးနိုင်ခြင်းမရှိသောကြောင့် မကြာသေးမီနှစ်များက စိုက်ပျိုးခဲ့သည့် ဝင်ငွေကောင်းသော ကောက်ပဲသီးနှံအသစ်များမှရသော ဝင်ငွေများဖြင့် အဓိကအစားအစာများကို ဝယ်ယူရန် ရုန်းကန်နေကြရသည်။ ချင်းပြည်နယ်မှ ဖြတ်သန်းသွားလာမှုလမ်းကြောင်းများ ကန့်သတ်ချက်များနှင့် တရုတ် နှင့် အိန္ဒိယတို့ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုများ ရပ်ဆိုင်းထားခြင်းကြောင့် ဝင်ငွေကောင်းသော အဆိုပါ သီးနှံများကိုလည်း စိုက်ပျိုးဖို့ရန် မဖြစ်နိုင်တော့ပေ။ စားနပ်ရိက္ခာမလုံလောက်မှုသည် ပြည်နယ်တွင်းတိုက်ပွဲ များ အကန့်အသတ်ဖြင့်သာ ထိတွေ့ခဲ့ရသည့် မြို့နယ်များတွင်ပင် အိုးမဲ့အိမ်မဲ့ဖြစ်ရသည့် ပဋိပက္ခများဖြစ်ပွား မှုအပြင် နောက်ထပ် အဓိကအကြောင်းအရင်းတစ်ရပ် ဖြစ်လာသည်။ ယမန်နှစ်က သီးနှံများအောင်မြင်ခဲ့ သော်လည်း ယခုအခါ သွင်းအားစုဈေးနှုန်းနှင့် လုပ်သားအင်အားကန့်သတ်ချက်များသည် (အများအပြား CDF တွင်ပါဝင်နေကြ သို့မဟုတ် အိန္ဒိယနယ်စပ်ကို ဖြတ်ကျော်ထွက်ပြေးခဲ့ကြရ) ယခုနှစ်တွင် သီးနှံထွက် နှုန်းနည်းနိုင်မည့် အခြေအနေများဖြစ်ပေသည်။ နောင်လာမည့်လများတွင်လည်း လိုအပ်ချက်ဘောင်သည် ပိုမိုကျယ်ပြန့်လာနိုင်ပေသည်။ ချင်းပြည်နယ်အခြေအနေသည် မြန်မာပြည်သူများရင်ဆိုင်နေရသော တိုးပွား လာနေသည့် စိန်ခေါ်မှုများထဲမှ ဥပမာတစ်ခုအဖြစ် ပြသလျက်ရှိသကဲ့သို့ ဒီမိုကရေစီရေးလှုပ်ရှားမှုမှ လူထု ထောက်ခံမှုကို ဆက်လက်ထိန်းထားဖို့ရန် နှင့် ယိုင်နဲ့ကျဆုံးလျက်ရှိသော နိုင်ငံတော်အစိုးရအား အစားထိုးမှုကို လည်း ချင်းပြည်နယ်မှ ဥပမာအနေဖြင့် ပြသလျက်ရှိပါသည်။

လိုအပ်ချက်များ တိုးပွားလာသည်နှင့်အမျှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများသည် ချင်းပြည်နယ်တွင်းပဋိပက္ခ၌ နက်ရှိုင်းစွာ နိုင်ငံရေးဆန်လာပါသည်။ ပြည်ပရောက်ပြည်သူတို့သည် ချင်းပြည်နယ်ပြင်ပမှ အဓိကရိက္ခာများရရှိရန်နှင့် ရပ်ရွာလူထုအား ကူညီဖို့ရန် အဓိကရန်ပုံငွေရင်းမြစ် ဖြစ်လာ ပြီး ခရစ်ယာန်အသင်းတော်များသည် လိုအပ်နေသည့်ရပ်ရွာဒေသများသို့ အကူအညီရောက်ရှိနိုင်ဖို့ရန် နစက နှင့် ဒီမိုကရေစီရေးလှုပ်ရှားသူများအကြား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။ ဤကဲ့သို့ စားနပ်ရိက္ခာကူညီ ထောက်ပံ့မှုအား ကနဦးပိတ်ပင်ပြီး ပြန်လည်ဖွင့်ပေးသည့် လုပ်ဆောင်မှုများဖြင့် နစကသည် လူထုအပေါ် တွင် ကနဦးတွင် ကန့်သတ်ချက်များထားရှိပြီး လိုအပ်မှုများ တိုးပွားလာအောင်ဆောင်ရွက်ပြီးခါမှ ထိုလိုအပ် မှုအတွက် ပြန်ပြီးတုံ့ပြန်ဆောင်ရွက် ပေးခြင်းဖြင့် ၎င်းတို့ကိုတရားဝင်မှုရှိလာအောင် ကြိုးပမ်းလျက်ရှိပါသည်။ တစ်ချိန်တည်းတွင် အချို့သော CDF များသည် ၎င်းတို့ စိုးမိုးထားသော ရပ်ရွာများတွင် အကျင့်ပျက်ခြစားမှုများ ဖြင့် စွပ်စွဲခံနေရသည်။ မြန်မာနိုင်ငံ၏ ကြီးထွားလာနေသော လိုအပ်မှုများနှင့် အရင်းအမြစ်များရရှိရေးအပေါ် ပြင်းထန်သောကန့်သတ်ချက်များ ရှိနေသည့်အခြေအနေတွင် ပူးပေါင်းဆောင်ရွက်တုန့်ပြန်ဖို့ရန် ဒီမိုကရေစီ ရေး လှုပ်ရှားသူများ ကြိုးပမ်းနေသည့်အခြေအနေများအကြားတွင် အဆိုပါရှုပ်ထွေးမှုများသည် ပြည်သူများ၏ မျှော်လင့်ချက်များ မည်ကဲ့သို့ ပြောင်းလဲလာမည်ကို မေးခွန်းထုတ်လာလျက်ရှိပါသည်။

၄၅ KII

# အပိုင်း (၄)
## အကြံပြုတင်ပြချက်များ

လက်ရှိဒီမိုကရေစီရေးလှုပ်ရှားမှုသည် အနာဂတ်မြန်မာနိုင်ငံ၏ ကွဲပြားသောမျှော်မှန်းချက်တွင် မှီတည်ပြီး စုစည်းဖို့ရန် အရိုန်အဟုန်တစ်ခုအဖြင့် လှုပ်ရှားမှု၊ ကြံ့ခိုင်ရည်ရှိမှုကို ပြသခဲ့ရုံသာမက မြန်မာနိုင်ငံတွင် ဆက်လက်ဖြစ်ပွားနေသော အကျပ်အတည်းကြားတွင် ပြည်သူများကို ပံ့ပိုးကူညီရန် ၎င်း၏ မတူကွဲပြားသော အဖွဲ့အစည်းများနှင့် ကွန်ရက်များကို အသုံးချကာ ကြံ့ကြံ့ခံနိုင်ခဲ့ပါသည်။ လှုပ်ရှားမှု၏ ဗဟိုချက်မ မရှိသောပုံစံသည် ယင်း၏အရေးကြီးဆုံးအားသာချက်ကို ပြသလျက်ရှိပါသည်။ ၎င်းကြောင့် နစကမှ စားရိတ်ကြီးမားသော ထိန်းချုပ်ကန့်သတ်မှုများကို ချမှတ်ဆောင်ရွက်လာရပြီး ထိုကန့်သတ်မှုများသည် လူထုမှ စစ်တပ်အား ပိုမိုဆန့်ကျင့်လာဖို့ရန် တွန်းအားဖြစ်လာစေပါသည်။ ဤပိတ်ဆို့ကန့်သတ်ချက်များသည် မကြာခဏဆိုသလို ဒီမိုကရေစီရေးလှုပ်ရှားသူများ ပူးပေါင်းလုပ်ဆောင်ရန် ပိုမိုခက်ခဲစေသော်လည်း ပူးပေါင်းဆောင်ရွက်မှုပုံစံသစ်များနှင့် အပြန်အလှန်အကူအညီပေးရေးနှင့် အုပ်ချုပ်မှုဆိုင်ရာအစီအစဥ်သစ်များ ပေါ်ပေါက်လာမှုကို ၎င်းတို့က မတားဆီးနိုင်ခဲ့ပေ။

နစက မှ ချမှတ်ထားသော ပိတ်ဆို့ကန့်သတ်မှုများသည် ဒီမိုကရေစီရေး လှုပ်ရှားသူများအကြားတွင် ထိတ်လန့်ကြောက်ရွံ့မှုနှင့် နေရာအနှံ့တွင်အန္တရာယ်ရှိနေသည့် အနေအထားမျိုးကို ပေါ်ပေါက်စေသော်လည်း ခုခံတော်လှန်မှုကို ဟန့်တားရပ်တန့်နိုင်မှုမရှိပါ။ လွန်ခဲ့သောဆယ်စုနှစ်အတွင်း နည်းပညာပြောင်းလဲမှုများနှင့် ဖြေလျှော့မှုများကြောင့် ပေါ်ပေါက်လာသော ဆက်သွယ်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးနည်းလမ်းများနှင့် ယှဉ်လျှင် လှုပ်ရှားမှုကိုပစ်မှတ်ထားသော ကန့်သတ်ပိတ်ဆို့မှုများသည် ပြောပလောက်မှုမရှိပေ။ ထို့အပြင် လှုပ်ရှားမှုတစ်ခုလုံးအတွင်း၌ ပူးပေါင်းဆောင်ရွက်ဖို့ရန်အတွက် ဘုံ နိုင်ငံရေးရည်မှန်းချက်တစ်ရပ် ရှိဖို့ရန် မလိုအပ်နေပေ။ အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီ မြန်မာနိုင်ငံအတွက် နိုင်ငံရေးသဘောတူညီချက်ရှာဖွေမှု ဆက်လက်ဆောင်ရွက်နေသော်လည်း လှုပ်ရှားမှုအတွင်းရှိ မတူညီသော ဒေသခံအဖွဲ့အစည်းများသည် ဤလှုပ်ရှားမှု၏ ကြံ့ကြံ့ခိုင်နိုင်စွမ်းရှိမှု အဓိကအကြောင်းအရင်း ဖြစ်နေပါသည်။[၄၆]

လှုပ်ရှားမှု၏ မတူကွဲပြားမှုအင်အား အား အမြင့်ဆုံးထိအားကောင်းလာစေဖို့ရန် နှင့် အစိတ်စိတ်အမွှာမွှာကွဲပြားမှုအန္တရာယ်အား ရှောင်ရှားနိုင်ဖို့ရန် လှုပ်ရှားမှုအတွင်းရှိအဖွဲ့အစည်းများမှ NUG နှင့် NUCC သည် အောက်ပါအကြံပြုချက်များကို ဆောင်ရွက်နိုင်ပေသည်။

၁။ မြန်မာနိုင်ငံအတွင်း ဒေသအသီးသီးရှိ ကျယ်ပြန့်သော အုပ်ချုပ်ရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေကြသည့် နယ်ပယ်အသီးသီးမှ ကွဲပြားခြားနားသော အခွင့်အာဏာနှင့် ၎င်းတို့၏ လူမှုအသိုက်အဝန်းများတွင် တရားဝင်မှုပုံစံအမျိုးမျိုးရှိနေသော အဖွဲ့အစည်းများကို ယခုထက်ပိုပြီး အသိအမှတ်ပြုရန်။ အသစ်ပေါ်ပေါက်လာသော ဒေသခံအဖွဲ့အစည်းများ (PDF နှင့် ပအဖများ နှစ်ဖွဲ့လုံး) သည် NUG နှင့် အနီးအနားရှိသက်ဆိုင်ရာ ERO များနှင့် ကွဲပြားသော ဆက်ဆံရေးပုံစံများ ရှိကြသည်။ လှုပ်ရှားမှုတွင် ဗဟိုဦးစီးမှုလျော့နည်းပြီး အမျိုးမျိုးသော အဖွဲ့အစည်းများပါဝင်မှုကြောင့် နစကမှ ပိတ်ဆို့ကန့်သတ်မှုများကို လှုပ်ရှားမှုမရပ်တန့်သွားအောင် ကြံ့ကြံ့ခိုင်နိုင်စွမ်းရှိသော်လည်း ယင်းအချက်သည် သဘောထားကွဲလွဲပြီး ပြိုကွဲသွားနိုင်သည့် အန္တရာယ်လည်းရှိစေပါသည်။

၂။ ငွေကြေးမက်လုံးများ အသုံးချနိုင်ခြင်းနှင့် အစဉ်အလာနည်းလမ်းများအတိုင်း နိုင်ငံတော်အာဏာကို ကျင့်သုံးပြီး  မတူညီသော အာဏာပိုင်အဖွဲ့အစည်းများကို ပေါင်းစည်းနိုင်ခြင်းတို့တွင် NUG သည် အကန့်အသတ်ရှိသော်လည်း ၄င်းသည် ဤကဲ့သို့ကျယ်ပြန့်များပြားလှသော အဖွဲ့အစည်းများအတွက် စံနှုန်းများနှင့် မဟာဗျူဟာများကို ရေးဆွဲချမှတ်နိုင်သည့် အနေအထားတွင် ရှိပေသည်။ NUG အနေဖြင့် ဆုံးဖြတ်ချက်ချမှတ်မှုကို ဗဟိုမှဦးစီးပြီး ထိန်းချုပ်ဖို့လိုလားသော လုပ်ရိုးလုပ်စဉ် နိုင်ငံတော်အစိုးရ တစ်ရပ်အတိုင်း တည်ဆောက်ဖို့မလိုအပ်ပေ။ ယင်းအစား NUG သည် ယင်း၏ တရားဝင်မှုကို

၄၆ Independent Research Network. “The Internal Struggle: The Fight for an Inclusive National Identity in Myanmar.” June 2022

အသုံးချပြီး ဒီမိုကရေစီရေးလှုပ်ရှားသူများအကြား တူညီသော ဘုံမျှော်မှန်းချက်တစ်ရပ် ပေါ်ပေါက်လာအောင် ဆောင်ရွက်ပေးသင့်သည်။ ၎င်းဆုံးဖြတ်ချက်များ နှင့် ဆုံးဖြတ်ချက်များချမှတ်ပုံတို့သည် အခြားသော အုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်းများ၏ အာရုံစိုက်ခံရမှုကို ဆက်လက်ရရှိထားပြီး ယင်းတို့လိုက်လံဆောင်ရွက်လာနိုင်သော စံပြနမူနာအဖြစ် ဆက်လက်တည်ရှိနေပါသည်။ တစ်ချိန်တည်းမှာ ဆွေးနွေးတိုင်ပင်မှုရှိပြီး အားလုံးပါဝင်သော လုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်လိုသောစိတ်ဆန္ဒသည် ရလဒ်များကိုပြသဖို့ရန်နှင့် ဒေသခံပြည်သူများနှင့်အဖွဲ့အစည်းများမှ အရေးတကြီးလိုအပ်ချက်များကို တုံ့ပြန်ဖို့ရန်လိုအပ်မှုနှင့် ဟန်ချက်ညီညီ ဖြစ်နေရပေမည်။

၃။ ဒီမိုကရေစီရေးလှုပ်ရှားမှုအတွင်း ယုံကြည်မှုနက်ရှိုင်းလာစေရန် ရေရှည်တွေ့ဆုံဆွေးနွေးမှုများနှင့် တုံ့ပြန်မှုမြန်ဆန်သည့် ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့ကို ထည့်သွင်းစဉ်းစားပြီး ထိခိုက်လွယ်ပြည်သူများကို ပံ့ပိုးကူညီရန်နှင့် လက်ရှိခုခံတော်လှန်မှု၏ ထိရောက်မှုကို အမြင့်ဆုံးဖြစ်အောင် ဆောင်ရွက်ခြင်းတို့အကြား အပေးအယူကမ်းလှမ်းမှုများကို သုံးသပ်ရန်။ အနာဂတ်အတွက် အတိုင်းအတာမည်မျှအထိ အာရုံထားဆောင်ရွက်နေခြင်းသည် လက်ရှိလှုပ်ရှားမှု ပိုမိုအားကောင်းလာစေဖို့ရန်အတွက် မရှိမဖြစ်လိုအပ်သည်ကို သုံးသပ်စဉ်းစားရန်။ ထို့အပြင် ဒေသခံအဖွဲ့အစည်းများနှင့် ပိုမိုကျယ်ပြန့်သည့် ပြည်သူလူထုများအတွက် လတ်တလောလိုအပ်ချက်များ ဆက်လက်တိုးပွားလျက်ရှိသောကြောင့် ရှားပါးသောအရင်းအမြစ်များကို အစားထိုးအင်စတီကျူးရှင်းများ တည်ဆောက်ခြင်းနှင့် ရေရှည်နိုင်ငံရေးသဘောတူညီမှု ရရှိရေးအတွက် သုံးစွဲမှု၏ အခွင့်အလမ်းစရိတ်များ (Opportunity cost) ကို ထည့်သွင်းစဉ်းစားရန်။

နစကတွင် ကန့်သတ်ချက်များရှိနေသည့်အချက်ကို ပြန်အသုံးချပြီး ၎င်း၏ ထိန်းချုပ်ရန်ကြိုးစားမှုကို ရင်ဆိုင်ကျော်လွှားနေသော ဒီမိုကရေစီရေးလှုပ်ရှားမှုကို ပိုမိုထိရောက်စွာပံ့ပိုးနိုင်ဖို့ရန် နိုင်ငံတကာအဖွဲ့အစည်းများသည် အောက်ပါတို့ကို လုပ်ဆောင်နိုင်ပါသည်။

၁။ လက်ရှိကြုံတွေ့နေရသော ကန့်သတ်ချက်များကို တုံ့ပြန်ဖို့ရန်အတွက် ဒီမိုကရေစီရေး လှုပ်ရှားမှုအဖွဲ့အစည်းများစွာအတွက် ရုပ်ပိုင်းဆိုင်ရာနှင့် နည်းပညာပံ့ပိုးမှုများကို ပိုမိုဆောင်ရွက်ပေးရန်။ ယင်းအကူအညီများတွင် လက်ရှိ နစက ၏ ဒစ်ဂျစ်တယ်ပိတ်ဆို့ကန့်သတ်မှုများကြောင့် အန္တရာယ်ကျရောက်နေသော ကျယ်ပြန့်သောအဖွဲ့အစည်းများအား လုံခြုံသောဆက်သွယ်ရေးစနစ်အတွက် နည်းပညာနှင့် လေ့ကျင့်မှုများ ပံ့ပိုးပေးခြင်းတို့ ပါဝင်သင့်ပါသည်။ အထူးသဖြင့် NUG ကို ထောက်ခံအားပေးသည့် နိုင်ငံတကာအဖွဲ့အစည်းများသည် ပြည်ပတွင် ဗဟိုချုပ်ကိုင်ထားသော ငွေစာရင်းများ ပိုမိုလွယ်ကူစွာ ဖွင့်လှစ်ပေးစေသင့်သည်။ ထို့အပြင် လှုပ်ရှားမှုတွင် ရှေ့တန်းမှတက်ကြွစွာ ဆောင်ရွက်နေသူများအတွက် စိတ်ကျန်းမာရေးဆိုင်ရာ ပံ့ပိုးကူညီမှုများ တိုးမြှင့်ဆောင်ရွက်သင့်သည်။

၂။ အလှူရှင်များသည် ၎င်းတို့ပံ့ပိုးပေးလျက်ရှိသော အရပ်ဘက်အဖွဲ့အစည်းများအတွက် ရန်ပုံငွေပံ့ပိုးခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာ လိုအပ်ချက်များကို ပုံစံတစ်ခုတည်းသတ်မှတ်နိုင်အောင် သဘောတူညီရန်။ နစက ၏ တရားဝင်မှုကိုထောက်ပံ့ခြင်း (သို့မဟုတ်) ၎င်းတို့ကို ရုပ်ဝတ္ထုများထောက်ပံ့ရန် အစီအစဉ်မရှိသည့် ပြတ်သားပွင့်လင်းသည့် မူဝါဒကို အလှူရှင်များနှင့် မြန်မာနိုင်ငံအတွင်းတွင် လုပ်ဆောင်နေသော နိုင်ငံတကာ INGO အဖွဲ့အစည်းတို့မှ ထုတ်ဖော်အသိပေးရမည်။

၃။ မတူညီသောနောက်ခံအခြေအနေများတွင် ဆောင်ရွက်နေရသော ဒေသခံအဖွဲ့အစည်းများနှင့် ပြည်ထောင်စုအဆင့် နိုင်ငံရေးလုပ်ငန်းစဉ်များအကြား ချိတ်ဆက်ပေးနိုင်သည့် ပြည်နယ်/တိုင်း ဒေသကြီး အတိုင်ပင်ခံကော်မတီများကို ပံ့ပိုးကူညီရန်။ ယင်းကဲ့သို့ကူညီခြင်းသည် ဒီမိုကရေစီရေး လှုပ်ရှားများအကြားတွင် မတူညီသော ပူးပေါင်းဆောင်ရွက်မှုပုံစံများကို ပိုမိုဟန်ချက်ညီဖို့ရန် အထောက်အကူ

ဖြစ်စေပါသည်။ ကနဦးတွင် ဤပံ့ပိုးကူညီမှုသည် ပြည်နယ်/တိုင်းဒေသကြီးများ၏ အတိုင်ပင်ခံကော်မတီများအား သက်ဆိုင်ရာ ပြည်နယ်/တိုင်း ဒေသကြီးအတွင်း လိုအပ်ချက်များကို လျင်မြန်စွာ အကဲဖြတ်သုံးသပ်ပြီး အဓိကအုပ်ချုပ်မှုကဏ္ဍများကို လေ့လာမှတ်တမ်းတင်နိုင်ဖို့ရန် ကူညီပေးနိုင်သည်။ ဤသို့ဖြင့် အလှူရှင်များသည် နိုင်ငံအသီးသီးရှိ ဒေသအသီးသီးတွင် ပိုမိုကောင်းမွန်သော လှုပ်ရှားမှုများကို မည်ကဲ့သို့ ကူညီပံ့ပိုးနိုင်သည်ကို တွေးဆနိုင်ပြီး မတူညီသော ဒေသအသီးသီးမှ အဖွဲ့အစည်းများအား စုပေါင်းပြီး နိုင်ငံအသီးသီးရှိ မြန်မာ့အကျပ်အတည်းကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲနိုင်စေမည့် မျှဝေအုပ်ချုပ်မှု စနစ်များကို မြှင့်တင်နိုင်ဖို့ရန် ကူညီပေးနိုင်ပါသည်။ ဤပြည်နယ်/တိုင်းဒေသကြီး အတိုင်ပင်ခံကော်မတီများ အားကောင်းလာစေရန် ကူညီခြင်းသည် EAO များ၊ ၎င်းတို့၏ ဒေသဆိုင်ရာ အုပ်ချုပ်ရေးပိုင်းနှင့် လွတ်မြောက်နယ်မြေများ၌ NUG ၏ ထောက်ပံ့မှုအောက်တွင် ထူထောင်ထားသည့် အုပ်ချုပ်ရေးအဖွဲ့များ စသည့်အဖွဲ့အစည်းများအကြားရှိ တင်းမာမှုများကို လျော့ချပေးနိုင်ပေသည်။

၄။ ဒီမိုကရေစီလှုပ်ရှားမှုအတွင်း ထပ်မံကွဲထွက်မှုမရှိစေရန် အလှူရှင်နိုင်ငံများသည် ဖယ်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်စာတမ်းကို မြှင့်တင်ရန်ရည်ရွယ်သော ရှင်းလင်းသည့် အကူအညီပေးမှုအစီအစဉ်တစ်ရပ်ကို သဘောတူညီရန်။ ယင်းသည် လှုပ်ရှားမှု၏ ယနေ့အထိတိုးတက်မှုများကို ပိုမိုတရားဝင်စေပြီး ၎င်း၏ကွဲလွဲနေသောအဖွဲ့များအား ဘုံဦးတည်ချက်တစ်ခုသို့ ဆက်လက်ရွေ့လျားသည်ကို သေချာစေရန် အထောက်အကူဖြစ်စေမည် ဖြစ်သည်။ ဒီမိုကရေစီရေးလှုပ်ရှားမှုမှ သဘောတူထားသည့် အခြေခံမူများနှင့် တိုက်ရိုက်ချိတ်ဆက်ကာ ကူညီပေးခြင်းဖြင့် နိုင်ငံတကာအဖွဲ့အစည်းများသည် ပေါင်းစပ်ညှိနှိုင်းရေးအခက်အခဲများ သို့မဟုတ် ခုခံမှုတလျောက် ဆက်လက်ဖြစ်ပွားနေသော ခက်ခဲသောယုံကြည်မှုတည်ဆောက်ရေး လုပ်ငန်းစဉ်ကို မရည်ရွယ်ဘဲ အတားအဆီးမဖြစ်လာစေရန် သေချာစေပါသည်။

၅။ ဒီမိုကရေစီရေးလှုပ်ရှားမှု၏ ဒေသတွင်းနှင့် ပြည်ထောင်စုအဆင့် အစိတ်အပိုင်းများအကြား ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်မှုကို မြှင့်တင်ရန်၊ လုံခြုံစိတ်ချရသော ဒစ်ဂျစ်တယ်လူထု နှီးနှောဖလှယ်ပွဲတစ်ခု ကမကထပြုလုပ်ဖို့ရန် စဉ်းစားသင့်။ ဩဇာအာဏာကြီးသူတို့ မပါဝင်သည့်(အီလစ် နိုင်ငံရေးဆွေးနွေးမှုများ) ထိုနှီးနှောဖလှယ်ပွဲတွင် ဒေသခံလှုပ်ရှားသူများမှ ယင်းတို့၏ လိုအပ်ချက်များကို နိုင်ငံတကာအသိုင်းအဝိုင်းအား ပိုမိုရှင်းလင်းစွာ ပြောဆိုနိုင်ပြီး အနာဂတ် ဖက်ဒရယ်မြန်မာနိုင်ငံနှင့် စပ်လျဉ်းသည့် အဓိကကျသည့်အချက်များကိုလည်း သဘောတူညီမှု ရစေနိုင်ပေလိမ့်မည်။ ဤကဲ့သို့ဆောင်ရွက်မှုသည် ဗဟိုချုပ်ကိုင်မှုလျော့ချထားသော ငွေကြေးစီးဆင်းမှုနှင့် ရန်ပုံငွေရှာဖွေရေး ကြိုးပမ်းမှုများ တိုးပွားလာခြင်းကြောင့် လှုပ်ရှားမှုတွင် အကွဲကွဲအပြားပြား ဖြစ်နိုင်ခြေကို လျော့ချပေးနိုင်ပေသည်။

ဆက်လက်ဆောင်ရွက်မည့် သုတေသနများသည် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဒီမိုကရေစီရေး လှုပ်ရှားမှုနှစ်ခုစလုံးကို ရှုပ်ထွေးပွေလီသည့်အခြေအနေတွင် ဆောင်ရွက်လည်ပတ်နေမှုအပေါ် ပံ့ပိုးပေးနိုင်ပေသည်။ အထူးသဖြင့် အောက်ပါအကြောင်းအရာများကို ဆက်လက် သုတေသနပြုလုပ်သင့်သည်။

၁။ နစကမှ ယင်း၏ အာဏာပိုမိုခိုင်မြဲစေအောင်ကြိုးစားမှုများသည် မည်သို့သော အကြောင်းများကြောင့် မရည်ရွယ်ဘဲ ခုခံတော်လှန်မှုကို ပိုမိုနက်ရှိုင်းစေပြီး စစ်အစိုးရအား အားနည်းစေသည်ကို လေ့လာရန်။ ဤပုံစံသည် နစက ၏ စီးပွားရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ ဖိနှိပ်မှုများအတွက် ကြိုးပမ်းမှုများကိုထောက်ရှုလျင်ထင်ရှားသော်လည်း လွန်ခဲ့သော ရက်သတ္တပတ်များအတွင်းတွင် နစက မှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ပြန်လည်အသက်သွင်းခြင်းဖြင့် အတိုက်အခံများအကြား ပြိုကွဲစေရန် ကြိုးပမ်းမှုများသည် ထင်ထားသလိုမဖြစ်လာဘဲ ပြောင်းပြန်ဆိုးကျိုးများရှိလာသည်ကို ကြည့်လျှင်လည်း ထင်ရှားပေသည်။

၂။ ဗဟိုချုပ်ကိုင်မှုနည်းသော ငွေကြေးထောက်ပံ့မှုသည် လှုပ်ရှားမှု၏လားရာပုံစံကို မည်သို့ပုံဖော်မှု ရှိမည်ကို လေ့လာရန်။ အထူးသဖြင့် NUG ၏ ဗဟိုချုပ်ကိုင်မှုရှိသော ရန်ပုံငွေစီးဆင်းမှုနှင့် ဒေသန္တရအဆင့်

ရန်ပုံငွေ (အလှူငွေနှင့်အခွန်များ) ကောက်ခံနိုင်မှုသည် နိုင်ငံရေးအဖွဲ့အစည်းများအကြား ညီညွတ်မှုပြိုကွဲစေမည့် အန္တရာယ်ကိုလျှော့ချခြင်း၊ ဒေသခံများအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေမှုကို ရှောင်ရှားနိုင်ခြင်းတို့ကို မည်သို့ စီမံခန့်ခွဲနိုင်သနည်းတို့ကို သုံးသပ်စဥ်းစားရန်။ မြန်မာနိုင်ငံ၏ မတူကွဲပြားသော တော်လှန်ရေးအဖွဲ့အစည်းများအကြားတွင် ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြင့်လာဖို့ရန် လိုအပ်မှုရှိနေပြီး တပြိုက်နက်တည်းတွင် ယင်းတော်လှန်ရေးအဖွဲ့အစည်းများ၏ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ သီးခြားရပ်တည်မှုကို မည်သို့ ကိုယ်တွယ်ဆောင်ရွက်သင့်သနည်း။

၃။ မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် ပေါ်ထွက်နေသော စံနမူနာများနှင့် အခြား မြန်မာနှင့်တူညီသော နိုင်ငံတကာဥပမာများကို အခြေခံပြီး ဒီမိုကရေစီရေးလှုပ်ရှားမှုအတွင်းရှိ မတူညီသော ဒေသန္တရအုပ်ချုပ်ရေး အဖွဲ့အစည်းများမှ သက်ဆိုင်ရာဒေသ၌ စီးပွားရေး၊ ဝန်ဆောင်မှုပေးဝေမှုနှင့် လူသားချင်းစာနာမှု လိုအပ်ချက်များကို စီမံခန့်ခွဲရန် မည်ကဲ့သို့ အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်သည်ကို လေ့လာရန်။ မြန်မာနိုင်ငံ၏ ပဋိပက္ခနှင့် စီးပွားရေးပြိုလဲမှုသည် နေရာတိုင်းတွင် ပိုမိုဆိုးရွားလာလျက် ရှိသော်လည်း ပြည်နယ်/တိုင်း ဒေသကြီးတစ်ခုစီရှိ စီးပွားရေးနှင့် နိုင်ငံရေး အခြေအနေများပေါ်မူတည်ပြီး ကွဲပြားသောပုံစံများဖြင့် ရုံဖန်ရံခါ ရှိနေတတ်ပါသည်။ မတူကွဲပြားသော ဒေသန္တရအုပ်ချုပ်ရေး ကဏ္ဍများတွင် ပါဝင်သူများကို စုစည်းနိုင်မည့် နှီးနှောဖလှယ်ပွဲများ ကျင်းပနိုင်ဖို့ရန် ကြိုးပမ်းဆောင်ရွက်သင့်သည်။ ဤသို့ဖြင့် ယင်းနှီးနှောဖလှယ်ပွဲများတွင် မိမိတို့ဒေသအတွင်း ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို သုံးသပ်နိုင်ပြီး၊ မြန်မာနိုင်ငံတွင်း အခြားဒေသများတွင် ဖော်ဆောင်နေသည့် ဥပမာကောင်းများထံမှ လေ့လာသင်ယူနိုင်သည်။ ထို့အပြင် ဒေသတစ်ခုစီရှိ အပြင်းထန်ဆုံးသော အုပ်ချုပ်ရေးစိန်ခေါ်မှုများကို တုံ့ပြန်ရန် အဆင်သင့်ရှိနေသော နိုင်ငံရေးလှုပ်ရှားသူများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ ပူးပေါင်းပြီး နည်းလမ်းအဖြေရှာကာ ၄င်းစိန်ခေါ်မှုများကို တုံ့ပြန်နိုင်မည်။